လင်းထိပ်သျှင်

# ကြိုးညှိတေး ကဗျာပြခန်း




mgyoe.com

သူ လင်းယုန်ငှက်လို ဝေဟင်ထဲ လေဟုန်စီးနေသယောင်
သူ နှင်းဆီနီနီလို ပင်ယံထက်မှာ လှုဂုဏ်ဝင့်နေသယောင်ယောင်
သူ နွေညပြာလို တောင်စင်နံ့ရံထဲ တေးသီနေသယောင်ယောင်
သူ မြို့ဟောင်းလေးလို မှော်ဝင်ဆည်းဆာတွေ ပစ်ချနေသယောင်ယောင်
သူ ရာဇဝင်တစ်ခုလို ဂန္ထဝင်ဇာတ်ရုပ်များ အသက်သွင်းနေသယောင်ယောင်
သူ ဧရာဝတီလို ဆည်းလည်သံတွေ သီကျင်းနေသယောင်ယောင်
သူ စမ်းချောင်းလေးလို လေညှင်းသံတွေ သီဖွဲ့နေသယောင်ယောင်
သူ ရထားတစ်စင်းလို ဥသြဆွဲသံတွေ [illegible]ယောင်ယောင်
သူ သင်္ဘောတစ်စင်းလို [illegible]သယောင်ယောင်
သူ ဆိပ်ကမ်းလေးလို ကိုယ်ငွေ့[illegible]ယောင်
သူ ဆွတ်ထုတ်နေသယောင်ယောင်
သူ နေကြာပန်းလို မျက်နှာအပ်[illegible] ဖြန့်ခင်း[illegible]သယောင်ယောင်
သူ ငှက်ဟင်္သာလို ရှင်ကွဲအဖော်တွေ လွမ်းတစ်နေသယောင်ယောင်
သူ အလံတိုင်လို နှင်းမုန်တိုင်းခေါ်သံတွေ ရင်ငွေ့ ကျော်ကျူးနေသယောင်ယောင်

လင်းထိပ်သျှင်

# ကြိုးနဲ့ညိုတေး
# ရာပြန်



poem0015
2500.00 Ks

mgyoe.com

ကြိုးညိုတေးကဗျာပြခန်း၊ လင်းထိပ်သျှင်
မျက်နှာဖုံးပန်းချီ - လင်းငြိမ်၊ စာမျက်နှာ ၂၂၉ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၈၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ကြိုးညှိတေးကဗျာပြခန်း
# လင်းထိပ်သျှင်

ပထမအကြိမ်၊ ၂၀၀၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


- အနုပညာဖြောင့်ချက် ၁
၁။ ပြိုဟ်ပြာစီးသူများ ၃
၂။ ဝတ်ရုံနက်နဲ့ ဇူလိုင်မိုး ၅
၃။ ဇူလိုင် ၁၉ ၇
၄။ တစ်နှစ်တာမှတ်စု ၈
၅။ ဥတုပျက်ထဲက လရာသီပွဲတော် ၁၂
၆။ ခေါ်သံ ၁၄
၇။ ထီးမိုးတတ်သော စိတ်နဲ့သာ ငါတို့လမ်းလျှောက်မယ် ၁၆
၈။ မျက်ရည်စက်လက်အသံခြားတဲ့နေ့ ၁၇
၉။ ၂၁ ရာစု = ၉၆ + ၄၂ ၁၈
၁၀။ ဘဝဆုံမှတ် လူသား ၂၀
၁၁။ စံပယ်ရောင် ရေရှိုးဆိပ်လေး ၂၁
၁၂။ ဓေါ်အောင်ဆန်းစုကြည် ၂၂
၁၃။ အပြာကောင်းကင် ကြယ်တမ်းချင်း ၂၃
၁၄။ မုန်တိုင်းဆန်တက် လူသားငှက် ၂၅
၁၅။ သူမရှိတော့တဲ့နောက်မှာ ၂၇
၁၆။ ဘဝကို အနိုင်ပိုင်းပြခဲ့သူ ၂၉
၁၇။ တစ်နေ့ကမှ ငါတို့ တွေ့ခဲ့ကြသေးတယ်၊ ၃၃
၁၈။ အနုပညာကို ဘဝနဲ့ စာလုံးပေါင်းသူ ၃၆


mgyoe.com

mgyoe.com

| | | |
|---|---|---|
| ၁၉။ | မိုးလွင်ဟန်ကလုန်း | ၃၈ |
| ၂၀။ | နိုဝင်ဘာ ၈၊ ၂၀၁၅ | ၄၀ |
| ၂၁။ | ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၈ | ၄၂ |
| ၂၂။ | မိုးပျော့ငှက်တို့ လေဆန်ခရီး | ၄၄ |
| ၂၃။ | အကွာရာပျက်ရာသိနဲ့ စိတ်အသံမိုးမှန်တိုင်း | ၄၆ |
| ၂၄။ | အဝါရောင်မျက်နှာ | ၄၉ |
| ၂၅။ | မနွှဦးအယ်လ်ဘမ် | ၅၀ |
| ၂၆။ | အရပ်ဓာတ်ပြား | ၅၁ |
| ၂၇။ | တိမ်ပြွန်ထဲကလ | ၅၂ |
| ၂၈။ | အောက်မေ့ဖွယ်အလွမ်း | ၅၃ |
| ၂၉။ | ဆွတ်သံ | ၅၅ |
| ၃၀။ | ဖိနပ်တစ်ရန်၏အတ္ထုပ္ပတ္တိ | ၅၆ |
| ၃၁။ | ရေသောက်မြစ်မဲ့တဲ့သစ်ပင် | ၅၉ |
| ၃၂။ | ၃၁ ကြိမ် ကြေးနန်းစာ | ၆၁ |
| ၃၃။ | အံချော်မှု | ၆၂ |
| ၃၄။ | အိမ်ဖော်မလေး | ၆၃ |
| ၃၅။ | ဒြပ်မဲ့နေ့နဲ့သက်မဲ့ကျွန်တော် | ၆၄ |
| ၃၆။ | ကိုယ်ပိုင်စိုက်ခင်း | ၆၆ |
| ၃၇။ | နှစ်ရောင်စပ်ပုံရိပ် | ၆၇ |
| ၃၈။ | ဖြစ်လေ့ဖြစ်ထများ | ၆၈ |
| ၃၉။ | ဖြတ်လျှောက်များ | ၇၀ |
| ၄၀။ | ငါတို့လည်း မင်းလိုပါပဲ | ၇၁ |
| ၄၁။ | သံပရာသီးလေးတွေ ချိုစေချင် | ၇၃ |
| ၄၂။ | မျိုချခြင်းများ | ၇၅ |
| ၄၃။ | အမြင်၌ကွယ်နေခြင်း | ၇၇ |
| ၄၄။ | တစ်မနတ်လောက် သုညလာမှတ်စု | ၇၉ |
| ၄၅။ | အမျိုးစုံ ကြိုးစုန်နေကြတယ်၊ | ၈၁ |
| ၄၆။ | ကြိုးညှိတေး | ၈၃ |
| ၄၇။ | ပန်းခြောက်အိမ်မက် | ၈၅ |
| ၄၈။ | ရှာပုံတော် | ၈၇ |
| ၄၉။ | လွတ်နေတဲ့ခြစ်ရာ | ၈၉ |

mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၅၀။ | ရင်ဝေးငှက်တမ်းချင်း | ၉၁ |
| ၅၁။ | ဂလိုဘယ်လိုက်ဇေးရှင်းဟင်းလျာ | ၉၃ |
| ၅၂။ | ကြွယ်ပျံလူ့ဝင်စား | ၉၇ |
| ၅၃။ | ကမ္ဘာကြီးလိမ့်ကျခြင်း | ၉၈ |
| ၅၄။ | အဖေပါစီးကဝ်ကြည့်ခြင်း | ၁၀၁ |
| ၅၅။ | စရာသံပြာယ်ချိန် | ၁၀၃ |
| ၅၆။ | တောင်ဆိတ်များ | ၁၀၄ |
| ၅၇။ | ကျွန်တော့်အဖေအကြောင်း စပ်မိစပ်ရာ | ၁၀၅ |
| ၅၈။ | ရင်ခွဲးတေး | ၁၀၈ |
| ၅၉။ | ကိုယ်နှင့်စပ်မိစပ်ရာ | ၁၀၉ |
| ၆၀။ | စကားလုံးနဲ့ ဘာသာဗေဒ | ၁၁၀ |
| ၆၁။ | တောင်ပတ်လမ်းမြို့ကလေး | ၁၁၂ |
| ၆၂။ | ဆည်းဆာငှက်ရွာကလေး | ၁၁၄ |
| ၆၃။ | ရေနံချောင်းမြို့အထက (၁)ကျောင်း | ၁၁၆ |
| ၆၄။ | သားရဲ့မေမေ | ၁၁၈ |
| ၆၅။ | ဆောင်းမှတ်တမ်း | ၁၁၉ |
| ၆၆။ | ကျွန်တော်ဟာ ကားတစ်စီးထဲမှာ | ၁၂၀ |
| ၆၇။ | ကင်းခြေပြား ခြေထောက်တစ်စုံနဲ့ သိုးငယ်ဝပ်ကျင်း | ၁၂၄ |
| ၆၈။ | မသိစိတ်ရဲ့ရူးဆွတ်မှုများ | ၁၂၆ |
| ၆၉။ | စိတ်နဲ့ရေးတဲ့အတ္တုပ္ပတ္တိ | ၁၂၇ |
| ၇၀။ | စိတ်အသံထွက်ရုပ်ရှင် | ၁၂၈ |
| ၇၁။ | ရပ်နေရင်း လွတ်ကျသွားခြင်းကိစ္စ | ၁၃၀ |
| ၇၂။ | စိတ်ကိုရေတွက်ကြည့်ခြင်း | ၁၃၂ |
| ၇၃။ | ဦးထုပ်ပြောင်းပြန်ဆောင်းသူများ | ၁၃၄ |
| ၇၄။ | ပေးစာ | ၁၃၅ |
| ၇၅။ | ဖွင့်ကြည့်မိသော အတွေးတံခါးချပ် | ၁၃၇ |
| ၇၆။ | စကားလုံးလေလံတင်ပွဲသတိပေး ပန်ကြားချက် | ၁၃၉ |
| ၇၇။ | စကားပြောပြီးရင် ရေအေးအေးတစ်ခွက်လောက်တော့ ခင်ဗျားသောက်သုံးလိုက်ပါ | ၁၄၁ |
| ၇၈။ | အငိုက်မိသွားတဲ့အတွေးစ | ၁၄၃ |
| ၇၉။ | ငါတို့ရဲ့ပုံတူကမ္ဘာ | ၁၄၅ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၈၀။ | နစ်မြှုပ်ခြင်းရဲ့အခြားတစ်ဖက် | ၁၄၇ |
| ၈၁။ | ဖာတ်ကြမ်းနှင့်ပရိသတ်ဖီလင် | ၁၄၉ |
| ၈၂။ | ဓရဓဘး | ၁၅၄ |
| ၈၃။ | တွန့်ခေါက်ဖြစ်စဉ် | ၁၅၇ |
| ၈၄။ | ပလိုင်းမျှားတဲ့ပုံတူကိုယ်ရိပ် | ၁၅၉ |
| ၈၅။ | ငါးသလောက်စားသူများ | ၁၆၁ |
| ၈၆။ | သူ့ရေစီး ကိုယ့်ရေစီးနှင့်သာ | ၁၆၃ |
| ၈၇။ | အနုပညာကသိုက်ားရှုကြည့်ခြင်း | ၁၆၅ |
| ၈၈။ | အနုပညာဆပ်ကပ်သမား | ၁၆၇ |
| ၈၉။ | ကျေးလက်က အိမ်ကလေး | ၁၆၉ |
| ၉၀။ | ညည့်ခန်း | ၁၇၀ |
| ၉၁။ | နယ်သူနယ်သား | ၁၇၁ |
| ၉၂။ | အိမ်ဝေးအိမ်သား | ၁၇၂ |
| ၉၃။ | အိမ်သူအိမ်သား | ၁၇၄ |
| ၉၄။ | အိမ်နံပါတ် ၉၅၀ | ၁၇၅ |
| ၉၅။ | သင်းကွဲလွမ်းတေး | ၁၇၇ |
| ၉၆။ | အိမ်အပြန်လမ်းတွေမှာ | ၁၇၉ |
| ၉၇။ | နေ့ဝိုင်း | ၁၈၁ |
| ၉၈။ | ညဝိုင်း | ၁၈၃ |
| ၉၉။ | ဘဝသရုပ်ဆောင်ဝတ္ထုတစ်ပုဒ်ရဲ့ ကျောရိုးမဲ့ဖြစ်စဉ် | ၁၈၅ |
| ၁၀၀။ | ခေါင်းစဉ်တပ်လို့မရ | ၁၈၆ |
| ၁၀၁။ | ရန်ကုန်ပန်းဆိုးတန်းရိုက်ကွင်း | ၁၈၈ |
| ၁၀၂။ | ခေတ်သစ်ပုံပြင်ဇာတ်စာထဲက လူငယ်လေးနှစ်ဦး | ၁၉၀ |
| ၁၀၃။ | ခရီးသွားလူနှစ်ယောက်ပုံပြင် | ၁၉၂ |
| ၁၀၄။ | မြေးအဘိုးနှစ်ယောက်စကားပုံပြင် | ၁၉၄ |
| ၁၀၅။ | ကလေးတစ်ယောက်ရဲ့လူကြီးဇာတ်စာ | ၁၉၆ |
| ၁၀၆။ | အဝေးပျံယာဉ်ဘီးလိမ့်သံ | ၁၉၈ |
| ၁၀၇။ | ကြွေသံ | ၂၀၀ |
| ၁၀၈။ | ဘတ်စ်ကား | ၂၀၂ |
| ၁၀၉။ | အသံတိတ်ရင်ခုန်ခြင်း | ၂၀၄ |
| ၁၁၀။ | မြို့သီးစားကောင်းကင် | ၂၀၆ |


mgyoe.com

mgyoe.com


၁၁၁၊ လက်တွဲဖော် ၂၀၇

၁၁၂၊ မင်းရင်ထဲ ငါတခဏဝင်ကြည့် ၂၀၈

၁၁၃၊ မိုးတိတ်တေးလွမ်းချင်း ၂၁၀

၁၁၄၊ ရင်သီကြိုးငှက်ဝါမလေး ၂၁၁

၁၁၅၊ မျက်ဝန်းပြာရဲ့ကျိန်စာ ၂၁၃

၁၁၆၊ ချစ်သူဖိတ်စာ ၂၁၄

၁၁၇၊ ရင်ခတ်ပန်း ၂၁၆

၁၁၈၊ စုန်းပြူးည ၂၂၀

၁၁၉၊ ပိတောက်ဝါသံကြိုးစား ၂၂၃

၁၂၀၊ ဂလိုဘယ်လက်ထပ်မင်္ဂလာပွဲ ၂၂၅

၁၂၁၊ အချိုးကျဖြစ်စဉ် ၂၂၇


◆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အနုပညာဖြောင့်ချက်

ခေတ်ဆိုးကြီးထဲ ပြေးပြေးလွှားလွှား
နှစ် ၃၀ နီးပါးကာလယန္တယား၌
ဘ၀ဒုက္ခခါးစည်းခံယူကာ
အနုပညာချစ်စိတ်ကဲ၍
ဖန်တီးရေးသားဖြစ်ခဲ့သော
ကဗျာများအား
၁၉၉၉ ခုနှစ်မတိုင်ခင်က
ထွန်းနိုင်နောင်(ရေနံချောင်း)၊
သို့ပြီးနောက်
လင်းထိပ်သျှင် အမည်ခံယူ၊
၂၀၀၇ ခုနှစ်တွင်
လွန်းသော်ကမိုး အမည်ပြောင်းပြီး
ပုံနှိပ်လောက ဖြတ်သန်းခဲ့ရသမျှ
ထိုအနုပညာအားလုံးကို
ယခု တစ်စုတစ်စည်းတည်းပေါင်းကာ
စုစည်းတင်ဆက်ထားသည့်
ကျွန်တော်၏ကဗျာများကား
လူတစ်ယောက်၏စိတ်ကို
ကြိုးညှိတေးအဖြစ် ညှို့ယူ၍ ခံစားမှုဆင့်ပွားစေလျှင်ပဲ

mgyoe.com

mgyoe.com

အလျော်အစားကြီးခဲ့သော
ကျွန်တော်၏
ကဗျာဆရာဘဝအား
ကျေနပ်ပီတိဖြစ်မိပါ၏။

အမှောင်ခေတ်တစ်လျှောက်လုံး
မိသားစုအကျိုးစီးပွားမငဲ့
တာဝန်မဲ့ခဲ့ပြီး
ကဗျာဆရာဘဝခံယူခဲ့သူ
သားမောင်ကျွန်တော့်ကို
မငြိုငြင်သည့်အပြင်
ပို၍တောင် မေတ္တာကဲချစ်ခဲ့သော
တောင်သူဦးကြီး မိဘနှစ်ပါးဖြစ်ကြသည့်
ဖေဖေဦးထွန်းနှင့် မေမေဒေါ်ခင်စန်းမြိုတို့ကို
ဤကဗျာစာအုပ်ဖြင့်
ကျေးဇူးတုံ့ပြန်ဆပ်
ဂုဏ်ပြုလိုက်ရပါသည်။

*လေးစားစွာဖြင့်*
*လင်းထိပ်သျှင်*
*(၂၀၁၆)*

mgyoe.com

mgyoe.com

# ငြိုပက်ပြာစီးသူများ

ပျံသန်းငှက်တိုင်းဟာ
မုန်တိုင်းကို ဆန်ရဲရမယ် . . .
ကိုယ်တွေ့ခေတ်မုန့်ဖုတ်ဖိုက
ရသာအာရုံခြောက်ပါး သင်းမုန့်လေးတွေ
ကိုယ်ရိပ် မီးကင်ခံ ထုတ်လုပ်ရမယ်
ဒါ . . . ခင်ဗျားတို့အလုပ် . . .။

ထိုင်ခုံမက် စားသုံးသူလူတန်းစားထဲမှာ
ခင်ဗျားတို့ ကမ္ဘာဟာ ခါးချင်ခါးလိမ့်မယ်
သစ္စာမက် စားသုံးသူလူတန်းစားထဲမှာ
ခင်ဗျားတို့ ကမ္ဘာဟာ ချိုမွှေးသင်းနေမယ်
ဒါ . . . ခင်ဗျားတို့ ယုံကြည် . . .။

သူရဲကောင်းတိုင်းဟာ
ကမ္ဘာသစ်ကို ထုဆစ်ရဲရမယ်။
ဟော့ . . . တိုးဝှေ့ကြ
ဟော့ . . . ထိုးနှက်ကြ
ဟော့ . . . ချီတက်ကြ
ဟော့ . . . စွန့်စားကြ
ကျားမြီးရှည် ညမင်းကြီးမှာ
ခင်ဗျားတို့ဟာ သွေးရောင်လဝန်းလေ . . .။

mgyoe.com

mgyoe.com

ဟောဒီမှာ
ကြမ္မာဘီး ရဟတ် တစ်ပတ်အရပ်မှာ
ခင်ဗျားတို့ ဖတ်စာဟာ
ကမ္ဘာဖြူရဲ့ ကျမ်းစာ ဖြစ်မှာလေ
ဒါ . . . ခင်ဗျားတို့ မှတ်ပွားစေ။ ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ထုတ်ဝေသည့်
စာဆိုတော်နေ့အထိမ်းအမှတ် ကဗျာစုစာအုပ်မှ
၁၃၆၁ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
(၈-၁၂-၉၉)

ဖြိုဟ်ပြာစီးသူများ (ကဗျာပြခန်း)
ဤကဗျာကား အမျိုးသားဒီမိုကရေစီအဖွဲ့မှထုတ်ဝေသည့် စာဆိုတော်နေ့အထိမ်းအမှတ်ကဗျာစာအုပ်တွင် ထည့်သွင်းပုံနှိပ်ဖော်ပြပါရှိသောကြောင့် စစ်အစိုးရက အကန့်အသတ်မရှိ ပိတ်ပင်ခံခဲ့ရသည့် စာရေးသူ၏ ပင်မရေစီးအနုပညာကလောင်အမည် ထွန်းနိုင်နောင်(ရေနံချောင်း)နှင့် ကဗျာဆရာဘဝကို လူထုရှေ့ရှုနိုင်ငံရေးအသိစိတ်ဓာတ်ဖြင့် အနုပညာမှတ်ကျောက်တင်ခံခဲ့ရသော ကဗျာတစ်ပုဒ်ပင်ဖြစ်သည်။

mgyoe.com

# ဝတ်ရုံနက်နဲ့ဂုဏ်လိုင်မိုး

မဝေးလှသော်လည်း
အမျှားခံရဆဲ ရောင်ခြည်ဦး အိပ်မက်တစ်ခုအတွက်
ပေးဆပ်မှုက အဆမတန်ရှိလိမ့်ဦးမယ်
မိုးစစ်စစ်မဟုတ်သောဥတုက
သားဆက်သစ်ချ ကမ္ဘာမြေကို ကျိုးသွင်းလို့။

ဖြစ်ပုံဆန်းကြယ်
ပုံဖွက်ခဲ့ပေါင်းများချေပြီ
ကျွန်ုပ်တို့ ငိုချင်း သီကျူးရင့်ရာ လမြတ်ချိန်ခါလည်း
အယုံသွင်းအထောင်းခံရပေါင်းများလှပြီ
စဉ်းစားကြည့်လေ
တော်ဝင်ပန်းပွင့်တို့ ကြွေလွင့်မြေခရာ
ရင်နင့်ကြေကွဲဖွယ်ရာ နေ့ရက်ဆိုသော်ငြားလည်း
မင်းခမ်းမင်းနားသဘင်တွေ ဘယ်မှာမှမတွေ့ရ
ဥညြဆွဲသံတွေ ဘယ်မှာမှ မတွေ့ရ
လူထုခြေသံတွေ ဘယ်မှာမှမပန်ဆင်ရ
လူဖြစ်ရှုံးတဲ့ မျက်ဝန်းတွေနဲ့ပဲ
ဂန္ထဝင်မြောက် လွမ်းချင်းမြင်ကွင်းများ
ဝေဝါးဝါး ပျောက်ဆုံးသွားခဲ့ပြီ။

mgyoe.com

mgyoe.com

'ဒီနေ့ ဘာနေ့လဲလို့' မေးခွန်းထုတ်ကြည့်ပါ
လူတိုင်းရဲ့ နှလုံးသားထဲသနွေတည်ရှိပေမယ့်
လူတိုင်းရဲ့ မျက်လုံးထဲ၌ ဆိတ်သုဉ်းကွယ်ပျောက်နေဆဲ
ဖြစ်နိုင်ချေကတော့
မဖြစ်နိုင်ချေတွေချည်း သွန်ချတတ်တဲ့
ဥတုမစစ်တဲ့ ဟောဒီမိုးရွာသွန်းဖြိုးဟန်
ဗီလိန်ဆန်လွန်းလို့ပေါ့။

ခက်ပုံက
မဟာမျိုးနွယ်ဆန်ဆန် မျက်ရည်စက်တွေ
ကျွန်ုပ်တို့ မျက်နှာပြင်ထက်မှာ စိမ့်ဝင်မစီးကျတာ
ခွေးတစ်ကောင် ကြောင်တစ်မြီးခေတ်ကာလ ရှည်ကြာခဲ့ပြီ
လူစဉ်မမီတဲ့ သစ်ပင်တွေ
မိုးအတုရဲ့အလှည့်စားထဲမှာ
မီးမောင်းကျိုးပျက်ဘဝ လူဝင်စားတဖြစ်လဲလို့။

*(၅၃)နှစ်မြောက် အာဇာနည်နေ့*
*အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်*
*အဖွဲ့ဝင်များ ဖတ်မှတ်ဖွယ်ရာ*
*၂၀၀၀ ပြည့်နှစ်၊*
*ဇူလိုင်လ (၁၉) ရက်နေ့*

mgyoe.com

# ဇူလိုင် ၁၉

မနက်တစ်နေ့က အဖြစ်အပျက်တစ်ခုပမာ
မကြာသေးသလို မှတ်ထင်နေမြဲစိတ်အနာ
အတိတ်အရိပ်ဆိုးကြီးတစ်ခုအဖြစ်
မတိတ်နိုင်မျက်ရည်မိုးထဲ
ရုပ်ကြွင်းစုနှယ် ကျန်ရစ်ဆဲ
နေ့ခင်းကြောင်တောင် အမှောင်ထုဆောင်ကြဉ်း
ပြင်းထန်လှူပ်ပွက်မိုးစက်ဖွဲဖွဲ လေပြည်ဆော်သွင်း
ကြယ်စင်တစ်သင်းကြွေကျမြေခခဲ့ရာ
ကမ္ဘာမကျေစရာ ငါတို့နိုင်ငံတည်ရှိနေသရွေ့
ဘယ်တော့မှမေ့မရနိုင်တဲ့ ရက်စွဲတစ်ခုရယ်ပါ။

*ခေတ်ရန့်မဂ္ဂဇင်း*
*အမှတ် ၁၅၊ ဇူလိုင်လ၊ ၂၀၁၅*

mgyoe.com

# တစ်နှစ်တာမှတ်စု

ဇန်နဝါရီလထဲမှာ
လွတ်လပ်ရေးအရသာနဲ့
ခေါင်းဆောင်ကောင်းတို့စိတ်နှလုံးသား
ငါ့ကိုလူသားဆန်စေခဲ့တယ်။

ဖေဖော်ဝါရီလထဲမှာ
ပင်လုံညီလာခံနဲ့
ဗိုလ်ချုပ်အောင်ဆန်းတို့ရဲ့
စံထားစရာရုပ်ပုံလွှာများတည်ခင်းရာ
ပြည်ထောင်စုစိတ်ဓာတ်များ
ငါ့ကိုပြည်ချစ်စိတ်ထားမွေးဖွားတတ်စေခဲ့တယ်။

မတ်လထဲမှာ
ဖက်ဆစ်တော်လှန်ရေးစိတ်ဓာတ်နဲ့
မတရားဖိနှိပ်အုပ်ချုပ်
ပြည်သူကိုကုပ်သွေးစုပ်ခြင်းများ
ရွံမုန်းချေမှုန်းလိုစိတ် အမျိုးသားရေးစိတ်ထား
ငါ့ကိုသွေးကစကားပြောစေခဲ့တယ်။

ဧပြီလထဲမှာ
ပိတောက်ပန်း
နွေဦးအသစ်
နှစ်သစ်စိတ်သစ်လူသစ်
ညစ်ထေးမှုလောကပြတင်း

mgyoe.com

mgyoe.com

အလင်းဆောင်ကြည်းခြင်းများ
ငါ့ကိုအနာဂတ်တံခါးဖွင့်တတ်စေခဲ့တယ်။

မေလထဲမှာ
ဒီပဲယင်းအကြမ်းဖက်မှုဖြစ်ရပ်ဆိုးနဲ့
အာဏာရှင်စနစ်ဆိုး
သမိုင်းဆိုးဖြစ်စဉ်ဖြစ်ရပ်များထဲ
တိုင်းပြည်လည်းကြေ
လူတွေလည်းသေ
သွေးစွန်းမြေဖြစ်တည်ခဲ့ပုံ
ငါ့ကို ယုံကြည်ချက်ခိုင်မာသူ ဖြစ်စေခဲ့တယ်။

ဇွန်လထဲမှာ
စနစ်ဆိုးတစ်ခုရဲ့ဝါးမျိုခြင်း
ကံ့ကော်မြေသွေးစွန်းထင်းခဲ့ရာ
တော်လှန်ရေးအသိစိတ်နဲ့
စစ်အာဏာရှင် ချေမှုန်းလိုစိတ်များ
ငါ့ကိုသူရဲကောင်းတို့ ထုံးနှလုံးမူစေခဲ့တယ်။

ဇူလိုင်လထဲမှာ
အရိုင်းဆန်နေ့ရက်ဆိုးနဲ့
အာဇာနည်များဆုံးရှုံးသွားခြင်းတို့
အတိတ်သမိုင်းစံတန်ဖိုးများ
ငါ့ကိုနိုင်ငံသားပီသစေခဲ့တယ်။

mgyoe.com

mgyoe.com

ဩဂုတ်လထဲမှာ
ခွပ်ဒေါင်းတေးသံ
မိုးခြိမ့်ခြိမ့်ညံ
စစ်ဖိနပ်နင်းသံများနဲ့
တက္ကသိုလ်မြေငရဲတွင်းကျသံ
သွေးမီးလျှံတဝင်းဝင်း
ကမ္ဘာမကျေသီချင်း
ငါ့ကိုအလင်းပွင့်ဆည်းဆာဖြစ်တည်စေခဲ့တယ်။

စက်တင်ဘာလထဲမှာ
အဝါရောင်ဝါးမျိုခြင်း
အနီရောင်မြင်ကွင်း
အနက်ရောင်သီချင်း
လောကအမှောင်တိုက်ခွင်းသံများနဲ့
ဆုံးခန်းမတိုင်သေးတဲ့
မိစ္ဆာတိုင်းပြည် သွေးမျက်ရည်စီးဆင်းမှုများ
ငါ့ကို တရားသောစစ်ပွဲဆင်နွှဲလိုစိတ်ကြီးမားစေခဲ့တယ်။

အောက်တိုဘာလထဲမှာ
အဖြေမရှာနိုင်သေးတဲ့
အိပ်မက်အသေနဲ့
အရိပ်မဲ့ကြွေသံများ
ငါ့ကိုခံစားမှု အသစ်ဖြစ်တည်စေခဲ့တယ်။

နိုဝင်ဘာလထဲမှာ
ဒီမိုကရေစီတောလားတစ်ပုဒ်
ရွာအပြင်ထုတ်အမိုက်ဇာတ်ရုပ်နဲ့

mgyoe.com

mgyoe.com

စစ်ဘီလူးတို့တောခြောက်သံ
လူသားစားဖို့ မာန်ဖီသံများ
ငါ့ကိုလေဆန်လမ်းပျံသန်းငှက်ပီသစေခဲ့တယ်။

ဒီဇင်ဘာလထဲမှာ
သွေးညှိနဲ့သင်းနေတဲ့
နှင်းခါးစက်တို့ အိပ်မက်ခေါ်သံနဲ့
စစ်မီးလျှံသင့်ဝိညာဉ်အော်သံ
ငါ့ကိုတိုက်ပွဲပျော်ခြေသံပီသစေခဲ့တယ်။

အဲဒီလို
ဆယ့်နှစ်လရာသီထဲက
တစ်နှစ်တာအတွေးမှတ်စုထဲမှာ
ငါက ငါ့ကိုပွင့်ခြင်းနဲ့
ကြွေခြင်းမှာ အားထည့်ခဲ့လို့
တို့မြေမှာ တို့တစ်တွေသွေးစီးကျသံဟာ
စစ်ဘီလူးတွေ
ဘယ်လောက်ပဲ မျိုးတုံးအောင်သတ်ဖြတ်
မျိုးဆက်မပြတ်
ရပ်တန့်မသွားဘဲ
အမြဲခွပ်ဒေါင်းမာန်ဖွဲ့ကာ
မြေမှာအရိုးစွေးသွားကြလည်း
လဲကျပြန်ထ စိတ်ကိုင်းဆက်ပွင့်သံများ
မိုးထက်ယံ ပဲ့တင်ညံနေဆဲပင်။

*ခေတ်ရန်နဲ့မဂ္ဂဇင်း*
*အမှတ် ၂၀၊ ဒီဇင်ဘာလ၊ ၂၀၁၅*

mgyoe.com

mgyoe.com

# ဥတုပျက်ထဲက လရာသီပွဲတော်

ပျော်ရွှင်မှုတွေ
ဆာလောင်နေကြလည်း
တက်ခေတ်လူတိုင်းမှာ
အလင်းပြတိုက်ဟု တင်စားခေါ်ရာ
ပွဲတော်စစ်စစ်နဲ့ ဒီလရာသီ
ရင်ခုန်ခွင့်များလွဲချော်တုန်း. . . ။

အိမ်ခြံဝတိုင်းမှာလည်း
'သတိ-ခွေးကိုက်တတ်သည်' ဆိုတဲ့
ဆိုင်းဘုတ်တွေလဲ ချိတ်ဆွဲထားတာ မမြင်ကြရတော့
မာန်ထောင်ခြင်းတွေနဲ့
မိသားစုတိုင်း စိတ်အဆာဖြေပုံများ
အိပ်မက်နှင်းဆီနဲ့ အနာဂတ်အတွက်တော့
သွေးရိုးသားရိုးဖြစ်စဉ်မဟုတ်တန်ရာဘူး။

ပျံသန်းငှက်တို့ သွေးကျဲစရာလား
ထမင်းရှင်ကို ကာပြန်လုပ်သူများ
တောလှည့်သားရဲ ရှာထွက်ရာ

mgyoe.com

mgyoe.com

ပွဲတော်အတုနဲ့ ဒီလရာသီ
အပ်ဖျားပေါ် မှုံညင်းစေ့တင်သလို
ဘဝတွေ လမ်းလျှောက်ကျင့်ရလည်း
ထမင်းသိုး ဟင်းသိုးစားပြီး
မျှော်လင့်ခြင်းတွေ
ရွက်လွှင့်ခွင့်ရှိတုန်း. . . .။

ဘာပဲဖြစ်ဖြစ်လေ
သွေးစုပ်ရက်စက်ခြင်း ပြည့်နှက်နေတဲ့
ဥတုပျက်ထဲက
ပွဲတော်နဲ့ ဒီလရာသီမှာ
အမှန်တရားကို ထီးဆောင်းကြသူတိုင်း
ကိုယ်နဲ့စပ်မိရာမြင်ကွင်းအားလုံးဆီ
နားစွင့်ကြ. . . နားစွင့်ကြ
ခင်ဗျားတို့တစ်တွေ
အိပ်မက်သစ်သီးစားပွဲတော်ခင်းကျင်းမယ့်
ဒီလရာသီမှာ. . . .။ ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှထုတ်ဝေသည့်
(၅၇) နှစ်မြောက်ဖက်ဆစ်တော်လှန်ရေးနေ့
အထိမ်းအမှတ်ကဗျာစု

mgyoe.com


# ခေါ်သံ

ပန်းတွေလှိုင်လှိုင် ပွင့်ကြတာပဲ
တို့တစ်တွေ ဥယျာဉ်တော်မှာ မြင်ရပေမယ့်
ပန်းခိုးချိုးသူတွေသာ
ဘုရားပန်းအိုးထိုး ကုသိုလ်ယူခွင့်ရနေကြတာ. . .။

လူ့တန်ဖိုးကို သုညမှတ်သူများလာလေလေ
တို့တစ်တွေ လူစဉ်မမီနိုင်လေလေ. . .။

ဘဝ၊ ပညာ၊ အတွေးအခေါ်၊ အသိဉာဏ်
စိတ်ဓာတ်၊ ကိုယ်ကျင့်သိက္ခာ၊ လူငယ်မှတ်စုများ
မျိုးဆက်တစ်ဆက်ပြုန်းသည်ထိ ဖိနှိပ်ဖျက်ဆီးခံထားရ
တို့တစ်တွေ အရပ်ပုသထက် ပုလို့လာကြပြီ. . .။

ရှုကြလော့
မိုးမလင်းသေးခင်
သူသူကိုယ်ကိုယ် လူစိတ်ကင်းမဲ့စွာ ခေါင်းပုံဖြတ်
စရိုက်ပျက်အရပ်ဇာတ်သွတ်သွင်း(ခင်းကျင်း)
ဟောဒီ. . . ဒေဝဒတ်တို့ ပဥ္စလက်ညွှတ်ကွင်းထဲမှာ. . .။

mgyoe.com

ရှုကြလော့
မိုးချုပ်ပုံဆန်းကြယ်
ဗိုလ်လိန်တွေဈေးဝယ်ထွက်ကြ
ငွေကြေး၊ ကာမ၊ ဣတ္ထိယ၊ မာယာ၊ သစ္စာဖောက်
ဟောဒီ. . . ကြွေရုပ်ညရင်ခွင်မှာ. . .။

တိုက်ပွဲရင်ခုန်ဖက်တို့ရေ
တို့တစ်တွေ ဆိုနေကျသီချင်း
ရာစုနှစ်ရှည်ကြာ ငြိမ်းချမ်းရေးပန်းခင်း
ကိုယ်ပိုင်သံစဉ်ဝတ်ရုံဖြစ်စေဖို့
သမင်မွေးရင်း ကျားစားရင်း
မုဆိုးသတ်ကွင်း တည်လှစ်ရမှာ
အမှန်တရားချစ်မြတ်နိုးသူတွေသာ
အလံထောင်လိုက်ခဲ့ကြတော့
တို့တစ်တွေလက်ချင်းချိတ်လို့
အောင်ပွဲရသည်ထိ
ခေါ်သံတွေကြွေးသီရဦးမယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှထုတ်ဝေသည့်
မြန်မာနိုင်ငံအမျိုးသမီးများနေ့
အမှတ်တရကဗျာစု

mgyoe.com

mgyoe.com

# ထီးမိုးတတ်သောစိတ်နဲ့သာ ငါတို့လမ်းလျှောက်မယ်……

စက္ကူပေါ်မှာ ပွင့်တဲ့ပန်းရုံလေး
ငါ့ညီလေးရဲ့အလှမျက်နှာ
နွေဦးမှာ ပွင့်အားကောင်းချင်ရဲ့
ထိုနည်းတူပဲ
လွတ်နေတဲ့ အပေါက်လေးတစ်ပေါက်မှာ
မင်းရဲ့မျက်လုံးတွေ ချိတ်တွယ်လိုက်ပါ
ကြယ်စင်တွေလို မှောက်မိုက်ညထဲ
မင်းရဲ့ခြေသံတွေ တောကစားလိုက်ပါ
အိမ်လေးတစ်လုံးထဲ ကကွက်ကကြိုးဆင်ဖို့
မင်းရဲ့ပုံရိပ်လေး ချိုးဖြူရုပ်တဖြစ်လဲလိုက်ပါ
ငါတို့တစ်တွေရဲ့ တူရူရာအရပ်မျက်နှာဘက်မှာ
"သတိ-ဤအိမ်သည် ခွေးကိုက်တတ်၏"
ပုခက်လွှဲသားချော့တေးသီမယ့်
အမေတစ်ယောက်ရဲ့ သံမဏိလက်ပေါ်မှာ
ကြာလိုပွင့်ဝေမယ့် အနာဂတ်အသစ်ကမ္ဘာ
ညီလေးတို့ချစ်သော ငါတို့ဟာ
မိုးပြိုမှာကို တွေးမကြောက်သူတွေပဲ မဟုတ်လား . . .။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှထုတ်ဝေသည့်
၆၃ နှစ်မြောက် လွတ်လပ်ရေးနေ့ကဗျာများ
ဇန်နဝါရီလ ၄ ရက်၊ ၂၀၁၁

mgyoe.com

mgyoe.com

# မျက်ရည်စက်လက် အသံခြားတဲ့နေ့

တကယ်ရှာတာပဲလား
ရှာချင်ဟန်ဆောင်တာပဲလား
ဒီမိုးက ဩဂုတ်သီချင်းတစ်ပုဒ်
မကြားတကြား ဆိုသွားပေါ့. . . .။
ကမ္ဘာဟောင်း ကမ္ဘာသစ် ခရီးသွားဟန်လွှဲ
ရပ်ထဲရွာထဲမှာ အသံတွေတိုးတိုက်နေ
'သပြေညို'ကို ချီးခူးရက်ပ
'လယ်စောင့်တဲလေး'ကို ဖြိုဖျက်ရက်ပ
'ပျဉ်းမငုတ်တို' ကို ဖယ်ကြဉ်ထားရက်ပ
'ဖိုးမောင်ပြန်လာပြီ' မြင်ကွင်းချပ် ပြုပ်ချီပေါ် ချီ
အန္တိမ မျက်ရည်စက်လက် ဒီမိုးစွေဟန်
လူတကာ ရင်အပူပျိုးစေခဲ့ပေါ့. . . .။
ရေစိုပျက်အကွာရာရှင် စာဆိုအဘိုး
ဒီမိုး ဘယ်လောက်ပင်စွေစွေ
ရာစုသစ် ကမ္ဘာ အဆက်ဆက်တိုင်း
အလင်္ကာတေးအလှဖွဲ့
လူတကာ့စိတ်နှလုံးသားကို
ဖမ်းစားလှုပ်ကိုင်နေမည်သာ. . . .။
(ခေတ်စမ်းကဗျာစာဆိုဆရာကြီး မင်းသုဝဏ်သို့. . . . .)

ချယ်ရီမဂ္ဂဇင်း
ဇူလိုင်၊ ၂၀၀၆

mgyoe.com

mgyoe.com

## ၂၁ ရာစု = ၉၆ + ၄၂

တစ်နေ့ထက် တစ်နေ့
စိတ်နှင့်စရာတွေ များများလာ
တစ်နှစ်ပြီးတစ်နှစ်
ကျွန်ုပ်တို့ မြစ်ကမ်းပါးတွေသာ အတိုက်စားခံရ
အစားထိုးမရတဲ့ ပျောက်ဆုံးမှုကြီးမျိုး
မရဏမင်းရဲ့ အလှည့်စားထဲမှာ။

အကြောင်းမဲ့ သက်သက်လည်း ဖြစ်နိုင်ရဲ့
အဓိပ္ပါယ် ရှိရှိလည်း ဖြစ်နိုင်ရဲ့
အို. . . ပြုံဆင်းရွာတဲ့ ပဋ္ဌာန်မိုး
"သပြေညို" ကိုလည်း ချိုးယူလို့သွားချေပြီ
"ဂျပ်ဆင်ထိပ်က လရိပ်ပြာ" ကိုလည်း ဆွတ်ခြွေလို့ သွားချေပြီ
ဟီရိုရှီးမားမှာ စွေခဲ့သော မိုး
ဂျေရုဆလင်မှာ စွေခဲ့သော မိုး
အာဖဂန်မှာ စွေခဲ့သော မိုး
နယူးယောက်မှာ စွေခဲ့သော မိုး
ခုလို ကျွန်ုပ်တို့ မြေမှာစွေတဲ့ အသင်ပဋ္ဌာန်မိုးလောက်
နှင်းဆီမျက်ရည် မသင်းပျံ့ဘူးလေ။

mgyoe.com

mgyoe.com

စကားလုံးတွေထဲမှာ ဂန္ထဝင်ပြတိုက်ကြီး ဖြစ်နေမယ့် ထို ၉၆
အသံတွေထဲမှာ ရာစုသစ် အဘိဓာန်ကြီး ဖြစ်နေမယ့် ထို ၄၂
သဘာဝတရားကို သဘာဝဖြစ်စဉ်က ချေဖျက်ပုံမျိုး
ညှော်ခန်းတစ်ခုထဲကနေ ညှော်ခန်းတစ်ခုဆီသို့
ဝိဘတ္တရသ အခင်းအကျင်းဖွဲ့ ထွက်ခွာသွား
ယဉ်ကျေးမှုချင်း စစ်ခင်းနေတဲ့ ရာစုသစ်ကြီးရယ်
နွေဦးသစ် ဆစ်ထုနေတဲ့ ကျွန်ုပ်တို့ တစ်တွေရယ်
အလွမ်းစိမ်းစိမ်း နှုတ်ဆက်တေးဖွဲ့သီလို့
မိုးစိမ်းစိမ်းထဲမှာ ကျောတစိမ့်စိမ့် ထားရစ်ခဲ့ပြီ။

(ခေတ်စမ်းကဗျာစာဆို ဆရာကြီးမင်းသုဝဏ်နှင့် ဂီတအနုပညာရှင်
ထူးအိမ်သင်တို့နှစ်ဦး ကွယ်လွန်ခြင်းအမှတ်တရ ရေးဖွဲ့ခြင်း)

*မနုစာရီမဂ္ဂဇင်း*
*အမှတ် ၃၆၊ ဒီဇင်ဘာ၊ ၂၀၀၄*

mgyoe.com

mgyoe.com

# ဘဝဆုံမှတ် လူသား

မိခင်ဝမ်းကြာတိုက်မှသည်
ပုခက်တွင်းကနေ
ကမ္ဘာအိုမှ ကမ္ဘာသစ်ဆီသို့
သံမဏိလက်တစ်စုံဖြင့်
ပခုံးပြောင်းသယ်ဆောင်ကြမယ့်
ညှော့ခန်းဆောင်ရှင်ကြီးသာပင်။ ။
ဟစ်တလာမှာလည်း မိခင်ဖခင်ရှိခဲ့
မော်စီတုံးမှာလည်း မိခင်ဖခင်ရှိခဲ့
ချီဂွေဗားရားမှာလည်း မိခင်ဖခင်ရှိခဲ့
ဗိုလ်ချုပ်အောင်ဆန်းမှာလည်း မိခင်ဖခင်ရှိခဲ့
သို့သော်ငြားလည်း
အမည်ပေါက်တာချင်းတော့ အတူတူ
အတ္တုပ္ပတ္တိကောင်းခြင်း ဆိုးခြင်း၌
သားမြတ်သားမိုက် ဝိသေသကွဲပြားခြင်းထက်
စိတ်အရောင်လွင့်ဖို့သာ အရေးတကြီးအရှိအပ်ဆုံး
ကိုယ်ကိုယ်တိုင်ပြောမယ့် ကိုယ့်အကြောင်းက
မိမိဖြတ်သန်းခဲ့ရာ ခေတ်ပြတိုက်ထဲမှာ
ရာဇဝင်ဟာ ရာဇဝင်ဆန်ပြီး
လူသားဟာ လူသားဆန်မယ်ဆိုရင်
လူကြီးဖြစ်လာမယ့်ကလေးတိုင်း
အသေမြတ်တဲ့ ဘဝဆုံမှတ်လူသား မုချဖြစ်ပေလိမ့်မည်။ ။

*ဖေဖော်ဝါရီလ ၂၄ ရက်၊ ၂၀၀၅*

mgyoe.com

# စံပယ်ရောင် ရေချိုးဆိပ်လေး

‘လူသားတိုင်းဟာ
နိုင်ငံရေးသတ္တဝါတွေပဲလေ’
ခွပ်ဒေါင်း အဆင်းဖွဲ့
မိတ်ဆွေ တစ်သင်းတို့ရေ
အသင်တို့လိုအင်ဆန္ဒအတိုင်း
တိုးတိုးဝင်ဝင်သွားလည်း ကိစ္စမရှိ
ထွက်ထွက်ခွါသွားလည်း ကိစ္စမရှိ
ဆည်းဆာပျောက်တဲ့ နေ့ရက်များလိုပဲ
သူ့အရိပ်ဟာ ပြန်ပြန်စိမ်းစိုပြနေမြဲ. . . ။
‘တစ်ခုခုကို ရလိုချင်ရင်
တစ်စုံတစ်ရာတော့ ပြန်ပေးဆပ်ရလိမ့်မယ်’
ခွပ်ဒေါင်း အဆင်းဖွဲ့
မိတ်ဆွေ တစ်သင်းတို့ရေ
လှိုင်းနဲ့ကမ်းပါးလို
အလှတရားကို အငြင်း(အမုန်း)ပွားနေလည်း ကိစ္စမရှိ
ဒိုက်အုပ်နဲ့ရေသာလို
သစ္စာတရားကို ရမ္မက်ပွားနေလည်း ကိစ္စမရှိ
ကမ်းပျော်ငှက်တွေ အုပ်ဖွဲ့ပျံသန်းတဲ့
စိန်ပန်းနီဝေစည်သော နေ့ရက်များလိုပဲ
သူ့အပြုံးဟာ ပြန်ပြန်အခက် အညွန့်နုပျိုဝေပြစမြဲ. . . ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှထုတ်ဝေသည့်
၆၆ နှစ်မြောက် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့
မြန်မာနိုင်ငံအမျိုးသမီးများနေ့ အထိမ်းအမှတ် နွေဦးအိုးဝေမွေးနေ့ကဗျာ ၆၆

mgyoe.com

mgyoe.com


# ဒေါ်အောင်ဆန်းစုကြည်

တိမ်ရည်ကိုသောက်
မိုးကိုဖောက်၍
ကြယ်လောက်နီးပါး
တောက်ပအားပြင်း
အမှောင်ခွင်းသည့်
လတစ်စင်းမည်
အောင်ဆန်းသွေးမို့
နီးစွေးသည်
သူမနာမည်
ဒီမိုကရေစီအရေးတော်ပုံရဲ့
မြတ်မိခင်
ငါတို့အားလုံးအတွက်
အနာဂတ်ပန်းဥယျာဉ်
စင်ကြယ်စွာသီးပွင့်ဖူး
ရွှေဦးအသစ်နှင့်
အတူရှိနေပေတည်း။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှထုတ်ဝေသည့်
ဒေါ်အောင်ဆန်းစုကြည်၊ ၆၅ နှစ်ပြည့်မွေးနေ့
အမှတ်တရကဗျာစုစည်းမှု ၁၉-၆-၂၀၁၀

mgyoe.com

mgyoe.com

# အပြာကောင်းကင်ကြယ် တမ်းချင်း

နိုင်ငံတစ်နိုင်ငံ
အလံတိုင်တစ်ခု
လူ့အဖွဲ့အစည်း
မပြီးဆုံးသေးတဲ့
ဒီမိုကရေစီ လူထုတော်လှန်ရေး
သွေးနဲ့ သမိုင်းသစ်ရေးနေတုန်းမှာ
အပြာရောင်ဝတ်စုံနဲ့
စစ်အာဏာရှင်စနစ်ဆိုးကို
ရဲဝံ့စွာ အာခံကာ တွန်းလှန်ဖြို
ဆံဖြူဖြူ မနောဖြူဖြူ
ငါတို့အဘိုးအို
သံမဏိလူသား
နိုင်ငံသားကောင်းတစ်ယောက်
ခန္ဓာဝန်ချပျောက်ဆုံးသွားရာ
မြန်မာပြည်တစ်ဝန်းလုံး ယူကျုံးမရစွာ
တုန်လှုပ်ချောက်ချားသွားခဲ့ပေါ့. . .

ပြည်သူပြည်သားကိုယ်စီ
မျှော်လင့်ချက် ရောင်ခြည်ဖြစ်လို့
ကျမျက်ရည်
မီးပင်လယ်ဖြစ်တည်ခဲ့ပေါ့

mgyoe.com

mgyoe.com

သူ့လို လူစား
သူ့လို နိုင်ငံချစ်စိတ်ထား
သူ့လို နိုင်ငံရေးနှလုံးသား
သူ့လို လူ့ဂုဏ်သိက္ခာ
သူ့လို လူသားခွန်အား
တစ်ခေတ်တစ်ယောက်ထွန်းပေါက်ဖွားဖို့
ရာစုနှစ်ချီ စောင့်မျှော်ရည်လည်း ရနိုင်ခဲတာမို့
ရဲရဲဖောက် သားကောင်းဇာနည်
ရဲရဲတောက် မျိုးချစ်အာဇာနည်
မြန်မာပြည်တည်သရွေ့ သမိုင်းအချိုးအကွေ့ထဲမှာ
မေ့ပျောက်လို့မရနိုင်တဲ့ ရုပ်ပုံလွှာ

ဒါကြောင့်မို့လို့
"ရဲ . . . ဒွဲ . . ဉာဏ် . . . စည်း . .
မကြောက်တရားတေးကဗျာ
မီးလျှံထဲက ကြာ"ဆိုတဲ့ သူ့ရဲ့သီကြွေးစကား
ငါ့နှလုံးသား၌ မှတ်သားမြဲမြဲ
ဒီမိုကရေစီအောင်လံ မြန်ပြည်တစ်ဝှမ်းမှာ
တူယှဉ်ကာ ညီညာစွာ စိုက်ထူကြပါစို့ ။ ။

*သံမဏိကြယ်ပြာ*
*ဟံသာဝတီဦးဝင်းတင် (၁၉၃၀-၂၀၁၄) သို့*
*ဂါရဝပြု ဦးညွှတ်ကဗျာများ*
*အောက်တိုဘာ၊ ၂၀၁၄*

mgyoe.com

mgyoe.com

# မုန်တိုင်းဆန်တက်လူသားငှက်

လူ့ဘဝလူ့လောကထဲ
မရေမတွက်နိုင် မိုင်တိုင်များနဲ့
အဝေးဆုံးခရီးနှင်လိုချင်တဲ့
သူ့ရုပ်ပုံလွှာ
မွေးရပ်မြေရွာကလေးမှာ
ဘူတာရုံအိုလေးဖြစ်နေတယ်။

နှင်းဆီအိပ်မက်ဖွဲ့
ညဆိုးများထဲ
မိခင်တစ်ဦးရဲ့ခေါ်သံ
အိမ်လည်းကျူးတဲ့
သားတစ်ယောက်ခြေသံပီသခဲ့သူဖြစ်တယ်။

သံမဏိစိတ်ဓာတ် အတောင်ပံတစ်စုံနဲ့
ကသောင်းကနင်းနှစ်များရဲ့
ခေတ်ပျက်ကြီးထဲ
နိုင်ငံရေး ရေဆန်လမ်းပေါ်မှာ
မျှော်ဝင်အနုပညာထုဆစ်လို့
လူသားဆန်ခဲ့သူ ဖြစ်ခဲ့တယ်။

mgyoe.com

mgyoe.com

အဲဒီလို
တစ်ခေတ်တစ်ယောက်
လူသားတစ်ယောက်
မုန်တိုင်းဆန်တက်
လူသားငှက်
သူ . . . သူ . . . သူ
အခုတော့
ပျောက်ကွယ်သွားချေပြီ
ပြန်မလာနိုင်တော့မယ့်
ကမ္ဘာတစ်ခုရဲ့
အဝေးတစ်နေရာဆီ
မျက်ရည်စက်များကနေ
ပန်းတွေဝေစည်ပွင့်စေသူ ဖြစ်ခဲ့တယ်။

(ကွယ်လွန်သွားခဲ့သော နိုင်ငံရေးပိတ်ဆွေနှင့်
အနုပညာအစ်ကိုတော်ကြီး သိန်းထွန်း (သဲကုန်း) ခေါ်
စာရေးဆရာသင်းရီသို့ အလွမ်းအမှတ်တရ)

*ခေတ်ရန့်မဂ္ဂဇင်း*
*အမှတ် ၁၃၊ မေလ၊ ၂၀၁၅*

mgyoe.com

mgyoe.com

# သူမရှိတော့တဲ့နောက်မှာ...

လူ့လောကထဲမှာရော
အနုပညာလောကထဲမှာပါ
"အေဘီညို"ဆိုတဲ့ လူတစ်ယောက်
မရှိတော့ဘူးလို့ သိလိုက်ရချိန်မှာ
ကဗျာဆရာလူ့ရှင်တော်တစ်ယောက်
ငါတို့တစ်တွေအပါးမှ ကွယ်ပျောက်
တောက်ခေါက်သံပေး နာကျည်းစရာကောင်းခဲ့သလို
ရန်ကုန်မြို့တစ်ခုလုံးလည်း
ပျင်းစရာကောင်းဖွယ် ချောက်ကပ်သွားခဲ့ပေါ့။

မိသားစုအရေး
ပိုအလေးပေးလွန်းလို့
အရှင်လတ်လတ် သူ့ခန္ဓာကိုယ်ပေါ်မှ
မီးလျှံတဝင်းဝင်း ချွေးသီးချွေးပေါက်များ
ကဗျာတွေရှင်ဖို့အတွက်
အသက်ဆက်စရာ ရသခွန်အားဖြစ်ခဲ့တာ
ငါတို့အနုပညာရပ်ကွက်မှာ
ဂုဏ်ယူစရာဖြစ်ကျန်ခဲ့တယ်။
လှည်းတန်း၊ ယုဇနဥယျာဉ်

mgyoe.com

mgyoe.com


ခပေါင်းအဆောင်
သမိုင်းလမ်းဆုံညစိမ်းစိမ်းများ
မိတ်ဖွဲ့နေပျော် ဘဝနေ့ရက်များထဲ
"ဘညို"ဆိုတဲ့ ဂုဏ်မနာမည်
လူတိုင်းကိုယ်စီ အလွမ်းသယ်ဖို့
တင်ကျန်ရစ်ခဲ့တာ
ငါတို့တစ်တွေ ပြန်လွမ်းစရာ ရုပ်ပုံလွှာ
အဖွဲ့အနွဲ့တစ်ခု ဖြစ်ခဲ့ပေါ့။
ဟုတ်တယ် . . .
ငြင်းမရဘူး . . .
ခေတ်ပေါ်ကဗျာအသံသိုက်ထဲမှ
ဖယ်ထားမရတဲ့
တစ်ခေတ်တစ်ယောက်
ရှားပါးကဗျာဆရာတစ်ယောက်
'သမ္မတ' နဲ့ 'အိုစမာ'
သူ့ကဗျာနှစ်ပုဒ်ဟာ
အမှောင်ခေတ်ထဲ နစ်မြုပ်ငုံပွင့်နေတဲ့
အနင်းခံစိတ်တို့ အမြင့်ပျံစိတ်ထားတတ်ဖို့
လမ်းပြခေါ်ဆောင်ပေးသွား
ရန်ကုန်တစ်မြို့လုံး ဖုံးလွှမ်းထားခဲ့ပုံက
သူမရှိတော့တဲ့နောက်မှာ
ငါတို့တစ်တွေ ခြေသံများ
လားရာမဲ့သွားခဲ့တာ
သြချရလောက်ဖွယ်ပင်
ဆန်းကြယ်လှပေတကား ။

*၂၀၁၆ ၊ မေ*

အနုပညာချစ်အစ်ကိုကြီး
ကဗျာဆရာအောင်ဘညိုသို့ အလွမ်းကဗျာ

mgyoe.com

# ဘဝကို အနိုင်ပိုင်းပြခဲ့သူ

ကံတရားနဲ့ လူ့ဘဝ
တစ်ထပ်တည်းကျနေဖို့
ဘယ်သောအခါမှ
ငါလိုက်တည့်နေမှာ မဟုတ်ဘူးဆိုသူ
ဉာဏ်နည်းပြီး
အိပ်မက်လိုက်ဖမ်းသူလိုမျိုးလည်း
ဘုရားကယ်မချိန်
စောင့်မျှော်နေတတ်သူ
ငါမဟုတ်ဘူးပြောသူ
ရန်ကုန်မြို့ပြတစ်ခုလုံး
မြေပုံချိုး လိပ်အိတ်ထောင်ထဲထည့်
လူတိုင်းသိ ကိုဆံရှည်နာမည်ပြောင်နဲ့
ရာစုနှစ်နှစ်ခုကြာကြာ သိမ်းပိုက်ထားနိုင်ခဲ့တဲ့
အံ့ဖွယ်ပုံရိပ်ရှင်လူသားတစ်ဦးပေါ့။
နောက်တန်းခံစစ် ဘောလုံးသမားကောင်း
ကန်နာဗားရိုးရဲ့
ဘုရားပေးတဲ့ ခြေနှစ်ဖက်အစွမ်းကြိုက်လို့
အီတလီဘောလုံးအသင်းရဲ့
အမာခံပရိသတ်အဖြစ် ခံယူခဲ့သူ
ရောမသားတို့ရဲ့
အနိုင်မခံလို စစ်သူကြီးစိတ်ဓာတ်အားကျလွန်းလို့
မိမိဘဝမှာ မိမိသာ သူရဲကောင်းဆိုတဲ့စိတ်
ကိုယ်တိုင် မွေးကျင့်ခဲ့သူ

mgyoe.com

mgyoe.com

အားကစားထဲမှာ အနုပညာရသသရုပ်
ကဗျာဖွဲ့ထုတ်နုတ်မိတ်ဆက်ပြခဲ့သူ
ထိုသို့သော လူထဲက လူသူမတူသူ
သူ့ဘဝသူ့အကြောင်း
ဖြစ်ရပ်မှန်ရုပ်ရှင်
ရိုက်ကူးတင်ပြမယ်ဆိုရင်တောင်
သူဟာ
ဒေါက်တာဇီဗားဂိုးထက်
ပိုသာလွန်တဲ့ လူထူးလူဆန်းတစ်ဦး
ဖြစ်ချင်ဖြစ်နေလိမ့်မယ်။
သူဟာ
ချီဂွေဗားရားထက်
လျော့မကျတဲ့
လူသားဂုဏ်ရည်တွေပိုင်ဆိုင်ထားသူ
ဖြစ်ချင်ဖြစ်နေလိမ့်မယ်
ခံစစ်အသားပေးယှဉ်ပြိုင်ကာ
ဘဝကစားကွင်းထဲမှာ
ပြိုင်ဘက်မှန်သမျှ
တန်ပြန်တိုက်စစ်ဆင်အနိုင်ယူပြတဲ့
လက်စလက်နပြင်းလွန်း
သူ့ကလောင်အစွမ်း ထိုးနှက်ချက်တွေ
အနုပညာမှော်သားရုပ်ကြွ
ကဗျာတွေရေးဖွဲ့ကာ
အမှန်တရားနဲ့ လူထုဘက်မှာ
မားမားမတ်မတ်ရပ်ပြခဲ့သူ
အရှုံးဆိုတာ
အနိုင်ထဲက အပြုံးတစ်ခုပါပဲလို့

mgyoe.com

အစိပ္ပာယ်ဖွင့်ဆိုပြကာ
လောကစံဒဏ်ကြဲ့ကြဲ့ခံ
ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သူ
လှည့်စားမာယာဘဝတောဝက်ပါထဲ
အသက်ယှဲ့ယှဲ့လေးသာရှိတော့တဲ့
ချစ်ခြင်းမေတ္တာတရားတွေ
ချစ်ဇနီးသည်နဲ့
ချစ်သမီးငယ်တို့
လူရိပ်သူရိပ်ထဲ
ချိတ်တွယ်ပွင့်မြည်သံပေးကာ
သေခြင်းတရားကို အနိုင်ပိုင်းပြခဲ့သူ
ငါတို့တစ်တွေ မေ့မရနိုင်ပေ
ကဗျာဆရာ ကိုဆံရှည်
ငါတို့တစ်တွေ စံထားခဲ့ကြသလေ
မှော်ဝင်အနုပညာရှုပ်ကြွသူ့ကဗျာတွေ
ငါတို့တစ်တွေ မိတ်ဆွေများထဲက
သူမတူချစ်မိတ်ဆွေ
သူဆိုသော ထူးမှထူး ကိုတာတေကြီးလေ
လက်ဖျားခါလောက်ဖွယ် သူ့အစွမ်းအစ
နတ်ရေးသလားမှတ်ရတယ်
“ငါ့လောက်မြန်မာပြည်ကြီးအပေါ်
မင်း မချစ်တတ်ပါဘူး”
“ငါ့လောက် ကဗျာတွေအပေါ်
မင်း ခုံမင်မဆာလောင်တတ်ပါဘူး”
သူပြောစကားသံတွေ
အနုပညာဆန်လွှန်းနေ

mgyoe.com

mgyoe.com

လူသားဂုဏ်ရည်လှစ်ကာပြ
သူ့ကဗျာအသံလှိုင်းတွေ
ရန်ကုန်ဆိုတာ ကုန်ရန်ပဲ မဟုတ်လားလို့
နာမည်ပြောင်းပြန်အသံထွက်အနက်ဖော်ပြ
ရန်ကုန်မြို့ပေါ် အနိုင်ပိုင်းစကား
ပြောကြားရဲခဲ့တာများ
သူ့လောက်ဆရာအထာကျတဲ့
မဟာကဗျာဆရာရှိမယ် မထင်ဘူးလေ။
အိုချစ်မိတ်ဆွေ
သင်မယုံဘူးလား
ဒါဆိုရင်တော့
ရန်ကုန်မြို့ပြည
မီးအမှောင်ကျချိန်တိုင်း
ကဗျာတစ်ပုဒ်လောက်
သင်အသံထွက်ရွတ်ဆိုလိုက်ပါ
အဲဒီအချိန်မှာ
အမိုက်စားအလန်းစားစိတ်ဓာတ်တွေ
သူ့ရုပ်ပုံလွှာဖော်ညွှန်းတဲ့
အနုပညာရသလှိုင်းတံခါးမှ
သန္တေတည်မွေးဖွားဖြစ်တည်လာစေသလို
သင့်ယုံကြည်မှုစိတ် ပိုမိုခိုင်မာကာ
ဘဝကို အနိုင်ပိုင်းပြနိုင်ခဲ့သူ
သူလိုလူ ပုံတူ
သင်ရယူနိုင်မယ် အဟုတ်တကယ်ပင်။

၂၀၁၆၊ ဧပြီ

(အနုပညာအစ်ကိုကြီး ကဗျာဆရာဇော်ထွဋ်နိုင်သို့ အလွမ်းကဗျာ)

mgyoe.com

mgyoe.com

# တစ်နေ့ကမှ ငါတို့တွေခဲ့ကြသေးတယ်

နာမည်တစ်ခုက တစ်ယောက်မှတ်ဉာဏ်ထဲ
ပုံရိပ်တစ်ခုလို ပေါ်လာတိုင်း
စိတ်ဆက်သွယ်ချက် ကွန်ရက်ဖွဲ့လို့
အိမ်အရောက် ညှော်လည်လာဖို့
မင်း. . . ဖိတ်ခေါ်တတ်တယ်
ငါလည်း မင်းဆီ အရောက်လာလို့
ရှေးဖြစ်ဟောင်း နှောင်းဖြစ်တွေ
ရွှန်းရွှန်းဝေအောင်
နှစ်ယောက်သား စကားဖောင်ဖွဲ့ဖြစ်ခဲ့ကြတယ်
အနုပညာခရီးကြမ်း
ထီးဖြူ ဖိနပ်ပါး နှလုံးသားချင်းထပ်တူကျခဲ့တဲ့
ဖက်ခွက်စားတို့ မြေဝိုင်းဇာတ် အတူတူကခဲ့ကြတာ
အနစ်နာခံမှုတွေနဲ့
ပျော်ပျော်ပါးပါး မော်မော်ကြွားကြွား
တို့တစ်တွေအပေါ် မင်းချစ်ပြခဲ့တာတွေ
ဂုဏ်ဖော်စကားဆိုဖြစ်တိုင်း မင်းပုံရိပ်လှိုင်းလေး
သီချင်းတစ်ပုဒ် ဖြစ်နေတတ်တယ်
တစ်နေ့ကပဲ မင်းတည်ခင်းကျွေးမွေးညှော်ခံလိုက်တဲ့
အိမ်ထမင်း အိမ်ဟင်းလေး
ငါ. . . စားသုံးဖြစ်ခဲ့သေး
ခွေးချစ်တတ်သူ မင်းအိမ်က

mgyoe.com

mgyoe.com

သခင်ချစ်တဲ့ စုတ်ဖွားခွေးကလေးကတောင်
အရင်ဦးဆုံး စားရကောင်းလားဆိုပြီး
ငါ့ကို မာန်ဖီရန်ထောင်ခဲ့တာ
မင်း စိမ်းစိမ်းကြည့်ပြီး
မန်ယူဘောလုံးအသင်းနည်းပြပဟောင်း
ဖာဂူဆန် အပြုံးလိုတောင်
မင်း ပြုံးပြခဲ့သေးတယ်
ခုတော့. . .
ရှင်ခြင်းနဲ့ သေခြင်းကြားက
မရေရာခြင်းဟာ သေချာနေတာလား
တို့နှစ်ယောက် ဆုံပြီးတွေ့ခဲ့ကြတာ
ရက်ခြားလေးပဲရှိဦးမယ်
တကယ်. . . မင်းပျောက်ဆုံးသွားခဲ့ပြီ
ဘယ်တော့မှ ပြန်မလာနိုင်တော့ဘူးလေ
မင်း. . . ချစ်မြတ်နိုးတဲ့ အိမ်ကလေး
မင်း. . . တန်ဖိုးထားတဲ့ ချစ်ဇနီး
မင်း. . . အသက်ပုံအပ်ချစ်တဲ့ ချစ်သမီး
မင်း. . . ဘဝတစ်ခုအရင်းပြုခဲ့တဲ့ အနုပညာ
မင်း. . . အိမ်ပျော်ဇာတ်ခင်းချစ်ခဲ့တဲ့ သူငယ်ချင်းများ
မင်း ထား ရစ် ခဲ့ ပေါ့
မယုံနိုင်စရာ

mgyoe.com

သေနေ့စေ့ရင် သေကြရမှာ
ဘယ်လိုတားတား မရဘူးဆိုစကား
ငါ့အရိပ်ထဲ ပွဲတင်ထပ် ညံ့နေ
တစ်နေ့ကပဲ ငါတို့နှစ်ဦး တွေ့ဖြစ်ခဲ့ကြသေးတယ်
နေကွယ်ချိန်ရောက်မှတော့
အမှောင်တွင်းနက်နက်ဖြစ်နေတာ
ဆန်းတဲ့အရာမဟုတ်ပေမယ့်
မင်း လူ့လောကမှ အပြီးအပိုင် နှုတ်ဆက်ထွက်ခွာသွားတာ
အဆန်းကြီး နိုင်းလောက်ရှိတယ်
တစ်နေ့က ဆင်မြန်းခဲ့တဲ့
ငါ့မျက်နှာပြင်ပေါ်က
ငါ့အပြုံးများ
မင်းမျက်နှာပြင်ပေါ်က
မင်းအပြုံးများ
ဒီနေ့သစ်အတွက်
မျက်ရည်စိမ်း စက်လက်
မင်းသေနေ့ ကြိုနိမိတ်ဖတ်ခဲ့တာများလား
ငါပြန်စဉ်းစားဖြစ်တိုင်း
အတိတ်ပုံရိပ်လှိုင်းများ
ငါတို့အသံထွက်ဖတ်ဖြစ်ခဲ့ကြတာ
ရင်နာစရာ အလွမ်းနာဖြစ်ခဲ့တော့တယ်။

[ကွယ်လွန်သွားသော အနုပညာသူငယ်ချင်း
ကဗျာဆရာဟန်သာသူ (မင်္ဂလာဒုံ)သို့. . . .]
*မဟေသီမဂ္ဂဇင်း*
*အမှတ် ၃၇၇၊ မေလ၊ ၂၀၁၆*

mgyoe.com

mgyoe.com

# အနုပညာကို
# ဘဝနဲ့ စာလုံးပေါင်းသူ

သူ လင်းယုန်ငှက်လို ဝေဟင်ထဲ လေဟုန်စီးနေသယောင်
သူ နှင်းဆီနီနီလို ပင်ယံထက်မှာ လှုဂုဏ်ဝင့်နေသယောင်ယောင်
သူ နွေဥသြလို တောင်စင်နံ့ရုံထဲ တေးသီနေသယောင်ယောင်
သူ မြို့ဟောင်းလေးလို မှော်ဝင်ဆည်းဆာတွေ ပစ်ချနေသယောင်ယောင်
သူ ရာဇဝင်တစ်ခုလို ဂန္ထဝင်ဇာတ်ရုပ်များ အသက်သွင်းနေသယောင်ယောင်
သူ ဧရာဝတီလို ဆည်းလည်သံတွေ သီကျင်းနေသယောင်ယောင်
သူ စမ်းချောင်းလေးလို လေချွန်သံတွေ သီဖွဲ့နေသယောင်ယောင်
သူ ရထားတစ်စင်းလို ဥသြဆွဲသံတွေ သီကြွေးနေသယောင်ယောင်
သူ သင်္ဘောတစ်စင်းလို အချက်ပြမီးတွေ ထိုးပြနေသယောင်ယောင်
သူ ဆိပ်ကမ်းလေးလို ကိုယ်ငွေ့အနွေးဓာတ်များ လွှတ်ထုတ်နေသယောင်ယောင်
သူ နေကြာပန်းလို မျက်နှာအပ်ပုံရိပ်တွေ ဖြန့်ခင်းနေသယောင်ယောင်
သူ ငှက်ဟသာလို ရှင်ကွဲအဖော်တွေ လွမ်းစာစီနေသယောင်ယောင်
သူ အလံတိုင်လို နှင်းမုန်တိုင်းခေါ်သံတွေ ရင်ငွေ့လျှပ်ကူးနေသယောင်ယောင်

mgyoe.com

သူ ထာဝရမရှိတော့တာ သူ ထာဝရရှိနေသလို
တောင်ပတ်လမ်းမြို့လေး စိမ်းမြနေသယောင်ယောင်
သူ အရိုးက ထစကားပြောသူ တိမ်ဖုံးလလို
ညစိမ်းစိမ်းရိပ် ပယ်ခွင်းနေသယောင်ယောင်
သူ သူတော်စင်အနုပညာသည်တစ်ယောက်လို
မြို့ကလေးရဲ့ အသစ်တစ်ဖန်နွေ နံနက်ခင်းတွေ
သူ ထာဝရ သိမ်းပိုက်ထားနေဦးမှာ . . .။
သူ ထာဝရ လွှမ်းမိုးထားနေဦးမှာ . . .။
သူ ထာဝရ မှော်ဖမ်းစားနေဦးမှာ . . .။

*[အနုပညာအစ်ကိုကြီးအောင်သန်းဦး(ရေနံ့သာ)*
*ကွယ်လွန်ခြင်း(၂)နှစ်ပြည့်အမှတ်တရ]*
*ဇန်နဝါရီလ ၃၀ ရက် ၂၀၀၄*

mgyoe.com

mgyoe.com

# မိုးလွင်ဟန်ကလုန်း

ကိုယ့်သင်ခန်းစာနဲ့ကိုယ်
ကိုယ့်အမူအကျင့်နဲ့ကိုယ်
ဘဝကို တိုးတိုးလေးပဲ စီးဆင်းချင်သူ
သူ့သီချင်းတစ်ပုဒ်အမည်က
ကင်မရာတစ်လုံးနဲ့ ခရီးသည် . . .॥

ဗီယက်နမ်တောအရက်တစ်လုံး
အီဂျစ်ပီရမစ်ကြီးတစ်ခု
ဆန်ဖရန်စစ္စကိုမြို့တစ်မြို့
ပဲရစ်မျှော်စင်တစ်ခု
မြို့မငြိမ်းသီချင်းတစ်ပုဒ်
ဗင်းဆင့်ဗန်ဂိုးပန်းချီကားတစ်ချပ်
လူဖြစ်ရခြင်းရဲ့ နောက်ဆုံးခရီး
ညနေခင်း ချစ်ဖော်တစ်သိုက်နဲ့အတူ
ဂန္ဓဝင် ရုပ်ရှင်ဇာတ်လမ်းတွဲများ
ကိုယ်ကိုယ်တိုင် သရုပ်ဆောင်စေချင်သူ. . .
သွားချင်တဲ့လမ်းက တစ်နေရာ
သွားနေရတဲ့နေရာက တစ်လမ်း
တစ်ခြမ်းပုပ်သစ်သီးတစ်လုံးပမာ ခေတ်ကြီးထဲ

mgyoe.com

mgyoe.com

ကိုယ့်စိတ်နှလုံးသားနဲ့ကိုယ်
ကိုယ့်အပြုံးနဲ့ကိုယ်
ကိုယ့်ကိုယ်ကို ကြယ်စင်လို တောက်ပလင်းလက်စေချင်သူ. . .။

သုစရိုက် ဒုစရိုက်
လောကဓံရဲ့ ဖြောင့်ချက်တွေထဲ
သူ့ပုံရိပ်တွေ
ဝိုင်အရက်ပုလင်းထဲ ဇာတ်စင်ဖြစ်သွားတဲ့အထိ
ညကို လူယဉ်ကျေးတွေလို ဆက်ဆံပေါင်းသင်းခဲ့သူ
အချိန်နာရီတွေရဲ့ အရေးပေါ် လူနာတစ်ယောက်အဖြစ် နေထိုင်ခဲ့သူ
သူ့ဘဝ သူ့အနုပညာ
ခေတ်တစ်ခေတ်ကို တန်ဖိုးဖြတ်သွားစေချင်သူ. . .။

"ဟိုးအဝေးကို အသာထားလို့
ဒီအနီးအနားကိုပဲ ချင်ခြင်းတပ်လိုက်စမ်းပါ
ခင်ဗျားဟာ အရက်လောက် ကျုပ်အပေါ် သစ္စာရှိနိုင်ပါ့မလား" လို့
ကောင်းကင်နဲ့ ကမ္ဘာမြေကို
စကားလုံးနဲ့ ထိမ်းမြားလက်ထပ်ပေးသူ
မိုးလွင်ဟန်ကလုန်းရဲ့ ဗိုင်ယာလော့ခ်ဆွတ်သံ
မိုးလွင်ဟန်အစစ် ခေါ်သံများလား. . .။

၁၉၉၉

mgyoe.com

# နိုဝင်ဘာ ၈၊ ၂၀၁၅

ကြားနေရတဲ့ အသံ
မကြားရတဲ့ အသံ
ဘယ်အသံကများ
ငါတို့တစ်တွေ စိတ်နှလုံးသားထဲ
ပန်းများ ပွင့်စေမှာလဲကွယ်. . .။
ငါတို့တစ်တွေ အတိတ်ခါးခါး
နှစ် ၆၀ နီးပါး
အမှားသံသရာထဲ စုန်းစုန်းမြုပ်ခဲ့ (ဝါ) နစ်မြုပ်ခဲ့
စစ်ရဲ့အငွေ့အသက်က
ငါတို့တစ်တွေ အသက်ရှူသံမှာ
လူငရဲရိပ်ဖြာ ကျင်း ထင်းလင်းနေတယ်။
သူတစ်ပါးကစားကွက်ထဲမှာ
နောက်ကနေ လိုက်ကစားရတာလောက်
တောက်ခေါက်စရာကောင်းတဲ့ တော်လှန်ရေး
သွေးနဲ့ရေးခဲ့တာ
အသက် စတေးပြီး ရေးခဲ့တာ
ဘဝဖတ်စာအုပ် မဖတ်ချင်လောက်အောင်
လောကအမှောင်ထုနက်နက်ထဲ
လျှောင်ပြောင်အပြုံးများနဲ့

mgyoe.com

ကျည်ပွင့်လူသတ်မယ့် သေနတ်ပြောင်းဝမှာ
ငါတို့တစ်တွေ အနာဂတ်ရက်စွဲများ
အနက်ရောင်တံခါး ဖြစ်မြဲဖြစ်နေတယ်။
ပန်းများ ပွင့်ဝေမယ်ထင် အသိစိတ်လေးနဲ့
အနာခံပြီး ဥယျာဉ်မှူးစိတ်မွေးကာ
ငါတို့တစ်တွေဟာ
ဟောဒီစစ်ငရဲခန်း
တိုက်ပွဲပျော်လမ်းပေါ်
အော်သံတွေ ခေါ်သံတဖြစ်လဲ
အမေးစကားတွေ
တရားသော အဖြေစကားအဖြစ် ပြောင်းလဲ
ငါတို့တစ်တွေ ရင်ထဲက အတိတ်ဒဏ်ရာ
ငါတို့တစ်တွေ စိတ်ထဲက အတိတ်အနာ
ဖြေဆေးပမာ အဖြေရှာတွေ့
သမိုင်းဝင် အပျော်ဆုံးနေ့တစ်နေ့ ဖြစ်ရပါစေသား။

*ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း*
*အတွဲ ၃၀၊ အမှတ် ၁၁၊ နိုဝင်ဘာလ၊ ၂၀၁၅*

mgyoe.com

mgyoe.com

## ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၈

ပွဲမစခင်ကတည်းက ဇာတ်တိုက်ထားပြီးသားပါ။
တရားတာလား၊ မတရားတာလား
ဆင်ခြေစကားများထဲ ကျွံကျနေတယ်။
ရွေးအစဉ်အလာအတိုင်းပဲ ဆိုရမယ်။
နောက်ကွယ်က လက်မည်းကြီးက အစွယ်ကြီးလှတယ်။

သမိုင်းတင်ကျန်သလား၊ ဂန္ထဝင်ကျန်သလား
သူ့ရဲရထားတစ်စင်းလို ခေတ်ထဲ
အရိပ်တွေ ထခုန်နေတယ်။

ကျည်ဆံအစား ပန်းများတဖြစ်လဲ ပွင့်စေချင်သတဲ့။
လူ့ငရဲခန်းဟာ ကြမ်းသည်ထက် ပိုကြမ်းတမ်းနေတယ်။
ဆန်တက်နေကျ စိတ်ရှုခင်းတွေလည်း
ခေါင်းမဖော်ဝံ့အောင် မည်းမှောင်နေတယ်။

ရက်ကျော်သွားလို့ နေ့သစ်ထဲရောက်သွားရင်
အစိမ်းရောင်များ ပင်စည်ဖြစ်နေဦးမှာလား
တခမ်းတနား တွေးကြတယ်
အဆန်းအပြား ထင်ထားကြတယ်

mgyoe.com

mgyoe.com


နေကွယ်ပြီးလို့ နေထွက်လာရင်
မျက်နှာမူရမယ့် အရပ်ဆိုတာ
အရှေ့အရပ် ဖြစ်နိုင်ပါ့မလား။
လူတိုင်း စိတ်နှလုံးသားကို
ဖမ်းစားဝါးမျိုသွားတဲ့ မဲတစ်ပြားမှာ
ကျိုးစားသွားတဲ့ အသားတစ်တုံးပမာ
အနိုင်ဟာ အရှုံးလိုလို ပွဲသိမ်းကကြိုးရှုပ်ပုံမျိုးနဲ့
အိပ်မက်စိမ်းတစ်ခုလို
တည်ရှိခဲ့တာ ကြာခဲ့ပြီဆိုသော်လည်း
ကေန်မုချ ဒီငါဟို့လူထုတိုက်ပွဲ
အောင်ပွဲဆင်ရလိမ့်မည်သာပင်။

*ခမ်းနားတဲ့ပင်လယ်*
*ကဗျာစုစည်းမှု စာအုပ်မှ*
*အောက်တိုဘာလ၊ ၂၀၁၅*

mgyoe.com

mgyoe.com

# မိုးပျော်ငှက်တို့လေဆန်ခရီး

လွန်ခဲ့ပြီဆိုသော်လည်း
ပုံပြင်တစ်ပုဒ်တော့ မဟုတ်ခဲ့ပါ
ငါတို့တစ်တွေရဲ့ မျက်ရည်စက်များ
သစ္စာပန်းလို ပွင့်ဝေခဲ့ကြ
ကန်ရေပြင်ကို သက်သေတည်လို့
မိုးရေစီးသံထဲမှာ. . .။
အမှောင်ကျနေ့ရက်များပေါ်
နှင်းဆီသီချင်းသည် ငါတို့တစ်တွေ
အလင်းတံခါးကို ဆွဲဖွင့်ကြ
သစ်ယောင်းကိုင်းကျိုးကျသံ တဖြောင်းဖြောင်း
သစ်ရွက်ကြွေကျသံ တချွတ်ချွတ်
ထောင်ချောက်ဖြုတ်သံ တဝုန်းဝုန်း
ဖိနပ်ကလေးတွေ ဟိုတစ်စဒီတစ်စ
အရိပ်ကနေထပြီးစကားပြောနေကြ
မိုးရေစီးသံထဲမှာ. . .။
မိုးမုန်တိုင်းစီးချင်းတိုက်သံ
ငါတို့တစ်တွေရဲ့ခြေသံ
တောခြောက်သံမြင်ကွင်းစိမ်းထဲဝယ်
ပါရီမြို့ကျဆုံးခန်းပမာ
မိုးရေစီးသံထဲမှာ. . .။

mgyoe.com

သစ်ပင်စိုက်သူတွေလို
အရိပ်တွေ ဝေပြခဲ့ကြ
ငါတို့တစ်တွေဟာ
မိုးရေစီးသံထဲမှာ. . . ။
ငါတို့တစ်တွေရဲ့ နွေဦးအသစ်ကကြိုး
ပန်းခိုးချိုးသူတွေ လက်ခုပ်ထဲဝယ်
ရေစိုစက္ကူအိမ်ကလေးဖြစ်လို့သွား
မိုးရေစီးသံထဲမှာ. . . ။
အတိတ်ဆိုသော်လည်း
အရိပ်တွေက မှော်ဝင်ဂီတဖြစ်နေဆဲပါ။

(တိုက်ပွဲပျော် ရဲဘော်အပေါင်းများသို့. . . . )

*Beauty Magazine*

*အမှတ် ၁၆၄၊ အောက်တိုဘာလ၊ ၂၀၁၃*

mgyoe.com

mgyoe.com

# အကွာရာပျက်ရာသီနဲ့ စိတ်အသံမိုးမုန်တိုင်း

အမှောင်ဆုံးတိမ်ပြိုသံတွေထဲမှာ
အပြင်းထန်ဆုံးတောနင်းခြေသံတွေ
တိမ်ကွယ်ပျောက်သွား
လူသားစားကျားဖမ်းပွဲခေတ်သစ်ပုံပြင်တစ်ပုဒ်
ငါတို့တစ်တွေ အတူတူဖတ်ဖြစ်ခဲ့ကြ
နှင်းဆီရောင်တောက်သွေးစက်များ
တံလျှပ်ပြင်ထဲက လမ်းမများထက်မှာ
ရုပ်တုတစ်ခု ထုဆစ်နေကြ
မရှုရက်မမြင်ရက်စရာ
လူသေအလောင်းတွေ အတုံးအရုန်း
မရှုံးသင့်ပဲ နိဂုံးချုပ်ခဲ့ရတဲ့
ငါတို့တစ်တွေရဲ့ အရှုံးဟာ
ကမ္ဘာမကျေ ရင်နင့်ဖွယ်ရာ
လားရာမဲ့သွားတဲ့ အိမ်အပြန်လမ်းကလေး
အမေ့ရင်ခွင်နဲ့ ဝေးကွာခဲ့တယ်
ကမ္ဘာပျက်နေလည်း
တယောထိုးမပျက်တဲ့
နီရိုဘုရင်လက်သစ်များ
အာဏာရှင်ပီပီ အာဏာရူးစိတ်ပဲ

mgyoe.com

ရွှေငါးမွေးမြူသလို မွေးမြူနေကြ
လူသတ်လက်နက်များ
လူမဆန်စွာထုတ်သုံးကာ
လူသတ်ကွင်းလောကငရဲခန်းဖွင့်လှစ်နေကြ
ကုံကော်တောမှာလည်း
နွေဥဩတွန်သံတွေ တိတ်ဆိတ်ကွယ်ပျောက်သွား
အင်းလျားကန်ရေပြင်မှာလည်း
လူသားသွေးစက်များ ဖုံးလွှမ်းသွား
တံတားဖြူ တံတားနီ နဘေးမှာလည်း
စံပယ်ရောင် မျက်ရည်စက်များ
စိန်ပန်းနီနီ သစ်ရွက်ခြောက်တို့ပေါ်မှာ
အနိုင်မခံ စကားရပ်အကွရာပုံဖော်နေ
ကစဥ့်ကလျားစိတ်ခြောက်ခြားစရာ
အတိတ်အဖြစ်အပျက် အရိပ်ဆိုးကြီးဟာ
ဘယ်လောက်အချိန်ကာလ ကြာမြင့်သွားပြီလဲ
အရေးတော်ပုံ ရင်ခုန်သံတွေ
ငါတို့တစ်တွေ နှီးသည်ထက်ပိုထပ်တူကျလာ
ကြွေးကြော်သံကိုယ်ရည်သွေးစကားရပ်များနဲ့
ပြည်သူလူထုအပေါ်လှည့်ဖြားနေတဲ့
စစ်အာဏာရှင်တို့ဟာ
မရှိးနိုင်တဲ့
ခေတ်သစ်နိုင်ငံရေးအောက်လုံးပြက်လုံးထုတ်နေကြ

mgyoe.com

mgyoe.com

နိုင်ငံတစ်ခု ပျက်သုဉ်းခြင်းဆီဦးတည်
ပဋိပက္ခမျိုးစုံ ဖန်တီးကာ ရန်မူမာန်ဖီ
အနာဂတ်သွေးကျိန်စာတိုက်နေတယ်
တစ်နှစ်ပြီးတစ်နှစ်
ပိုဟောင်း၍ပိုသစ်နေမြဲ
မပြီးဆုံးနိုင်သေးတဲ့ လူထုတော်လှန်ရေးခရီးရှည်နဲ့
ခေတ်သမိုင်းအသစ်ဟာ
သူရဲကောင်းတို့ အရိုးတွန်သံပဲ့တင်ရာ
အကွာရာပျက်ရာသီကာလရောက်တိုင်း
လူတိုင်းတို့ စိတ်အစဉ်ထဲ
ရှာသွန်းတိုက်ခတ်နေမြဲ
လူထုဟစ်တိုင် တည်လှစ်နေဆဲ
"စစ်အာဏာရှင်စနစ် ကျဆုံးပါစေ"
"ဒီမိုကရေစီအရေးတော်ပုံ
မုချအောင်ရမည်"
ရဲရဲတောက်ကြွေးကြော်သံ
စိတ်အသံမိုးမုန်တိုင်းတွေ
စိတ်အသံမိုးမုန်တိုင်းတွေ
စိတ်အသံမိုးမုန်တိုင်းတွေ
ငါတို့မြန်မာပြည်
ထာဝရငြိမ်းချမ်းပါစေသောဝ်. . .။

*(ဩဂုတ်လ ၇ ၊ ၂၀၁၄)*
*(ရှစ်လေးလုံးလူထုအရေးတော်ပုံငွေရတုနှစ်ပြည့် ဂုဏ်ပြုခြင်း)*

mgyoe.com

mgyoe.com

# အဝါရောင်မျက်နှာ

လောကအမှောင်မှာ ငါ့အရောင်နဲ့ လင်းကျင်းနေမယ်။
မိုးမတိတ်သေးလည်း ဘယ်တော့မှ ငါစိုးမထိတ်လန့်ပါဘူး။
မျက်စိတစ်ဆုံး အကြည့်တွေက တစ်နေ့ထက် တစ်နေ့ ခါးသက်နေမြဲ။
တစ်ချိန်တုန်းကလည်း ငါတို့ ခြေသံတွေဟာ
အစိမ်းရောင်ထဲမှာ ပျောက်ဆုံးသွားခဲ့ရတယ်။
ငါ့ကမ္ဘာဟာ ငါ့မျက်နှာနဲ့ သိပ်လှခဲ့တယ်။
နာမည်မသေတဲ့ ဂုဏ်ပုဒ်တွေနဲ့ အဝါရောင်မျက်နှာပုံကြမ်းများ
တစ်ထပ်ကြီး မွေးဖွားလာခဲ့ပြီ။
မျက်ရည်နဲ့ပွင့်ခဲ့တဲ့ အဝါရောင်ထဲမှာ မှောင်ပြီးရင် မှောင်နေမြဲ။
နတ်ဆိုးရဲ့ ကျိန်စာမိ ငါ့မျက်နှာဟာ
ငါတို့တစ်တွေ လိုက်ရှာနေတဲ့ ကမ္ဘာသစ်တစ်ခုပါ။
အနီရောင် မျောလွင့်နေတဲ့ မြင်ကွင်းတစ်ခုထဲမှာ
အတုံးအရုံးလဲကျ သေဆုံးနေတဲ့
အဝါရောင်အပိုင်းအစများနဲ့ ပန်းချီကားတစ်ချပ်ဟာ
ငါတို့ မျက်နှာမူရာ အရပ်တစ်ခုဖြစ်နေဆဲပါ။
မိုးသည်းသည်း နေရဲရဲ သေရဲရဲ လူအုပ်တဖွဲဖွဲနဲ့
အရိပ်ကောက်သံထဲက အဝါရောင်မျက်နှာ စက်တင်ဘာဟာ
ငါတို့သမိုင်း ငါတို့မရှိုင်း ယမ်းငွေ့မှိုင်းကြားမှာ
ပန်းတိုင်းခုထိ ပွင့်အားကောင်းလို့ နေဆဲပါ။

*ရတီမဂ္ဂဇင်း*
*စက်တင်ဘာလ၊ ၂၀၁၄*

mgyoe.com

mgyoe.com

# နွေဦးအယ်လ်ဘမ်

အသက်မပါသည့်နှယ် လေပြည်ညင်းတသုန်သုန်
ငှက်မွေးတောင်များသဖွယ် ရော်ရွက်ကြွေ ဝန်းကျင်အနှံ့
ခါတော်မီ ကကြိုးဆင်ပုံ အရောင်မှဲ့စီးဆင်း တံလျှပ်ပြင်ထဲ
ဆိတ်ငြိမ်သလောက် လောင်ကျွမ်းမှုအား ပြင်းပြင်းဖြစ်စဉ်
တစ်မနူတ်လောက် သုညလာ လူမှုဘဝသင်ပုန်းကြီးဖတ်စာ. . .။
အဖေနဲ့သမီး၊ အမေနဲ့သား၊ လူနဲ့သစ်ပင်
တောအုပ်နဲ့ကမ္ဘာမြေ၊ အိမ်ကလေးနဲ့ ရွာကလေး၊
ခေါင်းလောင်းသံနဲ့ စာသင်ကျောင်း၊ အုန်းမောင်းသံနဲ့ ရွာဦးကျောင်း၊
ထနောင်းရိပ်နဲ့ ထန်းတောရိပ်၊ မြေနီလမ်းနဲ့ ရွာဦးစေတီ
ရန့်မပြယ်သေးတဲ့ အိပ်မက်နီနီ လှုပ်နိုးအစဉ်
နှင်းဆီသီချင်းသည် ညှော်စိမ်းခြေသံ ရစ်သမ်မပျက်
နားအစုံ ဓာတ်လိုက်ခံရသည့်နှယ် ဥသြတွန်သံ ခပ်ဆင်ဆင်
တစ်ပွင့်မျက်ရည်ဖူး လျှို့ဝှက်သင်္ကေတ နေ့သစ်ဖိုင်တွဲ
နေခြည်နွေးနုနု တမြတ်တနိုး နမ်းခွင့်ပန်ဆင်လို့မှ
စိတ်ကို စိတ်နဲ့ သင်ကြားရာ ကြယ်စင်တေးဖွဲ့ ဒီရာသီထဲ
မိုးမုန်တိုင်းခေါ်သံ ရပ်ဝေးရပ်နီး မကြားဆင်ရလည်း
မျက်ဝန်းအစုံ ဘယ်သူမှ မှိတ်မထားကြသလို
အိမ်ပြတင်းတံခါးတွေလည်း မည်သူမျှ ပိတ်မထားကြဘူး. . .။

*ကလျာမဂ္ဂဇင်း*
*အမှတ် ၂၅၄၊ ဧပြီလ၊ ၂၀၀၆*

mgyoe.com

# အရပ်ဓာတ်ပြား

ဒီလို နယ်ပယ်ချဲ့ထွင်မှုတွေ လူတစ်ဦးအတွက် အဆင်မပြေဘူး။
ဒီလို စကားလုံးဖောသီမှုတွေ လူတစ်ဦးအတွက် အဆင်မပြေဘူး။
ဒီလို ကဇာတ်ဆန်မှုတွေ လူတစ်ဦးအတွက် အဆင်မပြေဘူး။
ဒီလို လူကြီးဆန်မှုတွေ လူတစ်ဦးအတွက် အဆင်မပြေဘူး။
ဒီလို ကိန်းဂဏန်းထပ်မှုတွေ လူတစ်ဦးအတွက် အဆင်မပြေဘူး။
ဒီလို ကျောနံ့ပါတ်တပ်မှုတွေ လူတစ်ဦးအတွက် အဆင်မပြေဘူး။
ဒီလို လက်ကြိတ်ထိုးလုပ်ရပ်တွေ လူတစ်ဦးအတွက် အဆင်မပြေဘူး။
ဒီလို အနေမတတ် အထိုင်မတတ်လုပ်ရပ်တွေ လူတစ်ဦးအတွက် အဆင်မပြေဘူး။
ဒီလို အဆမတန် စားသုံးစရိတ်တွေ လူတစ်ဦးအတွက် အဆင်မပြေဘူး။
ဒီလို ဈေးပေါပေါလုပ်အားခတွေ လူတစ်ဦးအတွက် အဆင်မပြေဘူး။
ဒီလို အစပ်ဟပ်မတည့်နယ်ပယ်တွေ လူတစ်ဦးအတွက် အဆင်မပြေဘူး။
ဒီလို သီးခင်းခြွေပုံရိပ်တွေ လူတစ်ဦးအတွက် အဆင်မပြေဘူး။
ဒီလို ဒီလို ကျွန်တော့်ရပ်ကွက်ထဲမှာ ရေပမ်းစားလာတော့
ဒီလို ဒီလိုတွေ ပါးစပ်အရသာခံ မိတ်ဆွေများ
ဒီလို ဒီလိုတွေ ရွက်ဆုတ်ပြက္ခဒိန်အဖြစ် အိတ်ဆောင်ထားကြလေရဲ့. . . ။

*ဂီတဂျာနယ်*

*၂၀၀၀*

mgyoe.com

mgyoe.com

# တိမ်ပြွန်ထဲကလ

အရပ်ချင်းတိုင်းတဲ့ အိမ်မက်ချည်တိုင်မှာ
တရေးအိပ်စက်ခွင့်လေးရချင်ပ
သီကြိုးပြုတ်ခြုံလွှာလေး ငါ့ကိုယ်မှာ လွှမ်းလို့
ဟိုး. . . ဦးခေါင်းမဲ့ တောအုပ်ထဲ
လေပွေစီး ငါပျံသန်းလာခဲ့ပြီ
နွှေဦးအကြို ခန်းစီးဆောင် ဆင်ယင်သီကျင်းကာ
ရွက်ကြွေတို့ အာလုတ်စကားသံတွေ နားမဆင်ရသေးခင်
ပုံရိပ်ကျရာ အရုပ်မထင်တဲ့ ရေခဲစိမ်မှန်ကားချပ်ပေါ်က
တုပ်တိုးရုပ် ငါတို့စင်တင်ပြဖတ်တစ်ခန်း မရပ်ချင်သေး
ရေစိမ်ပန်း. . . ပုလင်းမြွေ
ကြွေရုပ်မျက်နှာ. . . ဖန်မီးအိမ်
ပိုးစုန်းကြူး. . . ကြယ်ပွင့်
ဆီမီးခွက်. . . ကောင်းကင်
ဖယောင်းတိုင်. . . ပင်လယ်
မီးတိုင်. . . မြစ်မ
တွင်းတူးကောင်. . . လမ်းမ
တရစပ် မြည်တွန်ချိန် တရှိန်ထိုး အလင်းပြန်ချိန်မှာ
ငါတို့ မနက်ဖြန်ကောင်းကင်တိမ်မကင်းစင်သေးသမျှ
ငါတို့ ရေငုပ်ချိုး ကိုယ်သန့်စင်ရလိမ့်ဦးမယ်။

*GEC ရသစုံမဂ္ဂဇင်း ၊*
*၁၉၉၅*

mgyoe.com

# အောက်မေ့ဖွယ်အလွမ်း

ကျွန်တော့်မှာ
ဝါးပိုးဝါးစုဘူးလေးတစ်လုံး ရှိခဲ့ဖူးတယ်
ကလေးဘဝတုန်းကပေါ့. . .
မိဖုရားဖွားစောကနေ
ရာဇကုမာရ်ကျောက်စာထိ
ကျွန်တော် စာအံပြီးပါပြီ
ဝေသန္တရာမင်းကြီးကနေ
ရောဘတ်အိုဝင်ထိ
ကျွန်တော် စာအံပြီးပါပြီ
အနော်ရထာမင်းကြီးကနေ
ထိုင်းဘုရင်မင်းမြတ်ဘူမိဘောထိ
ကျွန်တော် စာအံပြီးပါပြီ
ပန်ထွာဘုရင်မကနေ
အယ်ဘီဇဘက်ဘုရင်မကြီးထိ
ကျွန်တော် စာအံပြီးပါပြီ
တစ်ဘဝလုံး စာအံမိသမျှ
စကားလုံးနှစ်လုံးပဲ ခံတွင်းတွေ့မိတယ်
အဲဒါကတော့
'အနန္တ' နဲ့ 'သင်္ခါရ' ဆိုတာပဲ
ကျွန်တော်ဟာ လူကြီးတစ်ယောက်ဖြစ်နေချိန်မှာ
ကျွန်တော် မြတ်နိုးတဲ့ အဲဒီ ဝါးပိုးဝါးစုဘူးလေးဟာ
လူရာမဝင်တော့ဘူး

mgyoe.com

mgyoe.com

(ဆိုတော့)
ကျွန်တော် ရင်တဆတ်ဆတ်တုန်အောင် ငိုကြွေးမိတယ်။
တချို့က ပြောကြတယ်
'မင်းဟာ လူကြီးတစ်ယောက်ပဲ
ကလေးမှ မဟုတ်တော့တာပဲ' တဲ့။
တကယ်ပဲ
ကျွန်တော်ဟာ လူကြီးတစ်ယောက်ပဲ ဖြစ်နေပြီလား
ကျွန်တော် မသိခဲ့ဘူး
အနာဂတ် ထွန်းယက်ခြင်း လူသားလို့
မိမိကိုယ်ကို ကျွန်တော် ခံယူထားတာ
ကျွန်တော့်မိခင်က ပြောတယ်။
'အမေ့သားက နို့နံ့တောင် မစင်သေးဘူး'တဲ့
ဟုတ်လောက်ပါရဲ့
ကျွန်တော့် ဝါးပိုးဝါးစုဘူးလေးကို ကျွန်တော်
ပြန်လွမ်းတတ်သေးရင်
ကျွန်တော်ဟာ ကလေးငယ်တစ်ယောက်ပါပဲ။ ။

*ရှုပ်ရှင်တေးကဗျာမဂ္ဂဇင်း ၊ ၁၉၉၇*

mgyoe.com

# ဆွတ်သံ

သူ့မိသားစု၊ ကိုယ့်မိသားစု
ပျော်ရွှင်ခြင်းတွေ ရွှေကျင်သလိုကျင်ယူနေကြ
သူ့အကြောင်း ကိုယ့်အကြောင်း
ပျံသန်းခြင်းတွေ စွန်လွှတ်တင်သလိုလွှတ်တင်နေကြ
သူ့မွေးနေ့ ကိုယ့်မွေးနေ့
အိပ်မက်သီးပွင့်ခြင်းတွေ ပင့်ကူအိမ်ဖွဲ့သလိုအိမ်ဖွဲ့နေကြ
ကိုယ့်သီချင်း ကိုယ်ဆိုတတ်ဖို့ရာ
အစာအိမ်ကို ဇနီးမယားလုပ်ပေါင်းသင်းခဲ့ရ
နေ့ရက်အထိုထို စိတ်မူးမူး အလွမ်းချိုချို
ကျွန်ုပ်တို့ ရွှေပင်လယ်မနက်ဖြန်နံနက်ခင်းများနှယ်
လောကသင်ခန်းစာ ဧည့်ခန်းအမှတ် ၂၀၀၃ ၌
စိတ်နဲ့မျှားယူဆဲ သုံးဆယ့်နှစ်မိုင်တိုင်ခရီး
မနေ့တစ်နေ့ကလို အနှစ်လေးဆယ်
ခြေသံအစုံမှာ မြေပုံအညွှန်းဖတ်နေဆဲ. . .။

*ချယ်ရီမဂ္ဂဇင်း ၊ ၂၀၀၀*

mgyoe.com

mgyoe.com


# ဖိနပ်တစ်ရန်၏အတ္ထုပ္ပတ္တိ

အရိပ်အေးအေးဟာ
နေ့သစ်အမွေရ
ငါ့ကိုယ်ပေါ်
ထီးတော်မိုးဖို့ထွက်
တွင်းပျက်ည၊ ဂဏန်းလက်ည
ကျားပါးစပ်နာရီ
(အဲဒီ. . . ကျိန်စာမိ ကျောက်ဖျာပေါ်)
သားကောင်ကို ထိုးသုတ် အမိအရဖမ်း
မုဆိုးခြေလှမ်းနဲ့
လောကစံအဖွင့် အမှာစာရေး. . .။
ဘုရားပေး အရိပ်ကိုသာ
အတွယ်တာလုပ်ကြင်ရမယ့်
ဒီ. . . မိဘမဲ့ ကလေးလို လမ်းမ
ငါ့ဘဝ အတ္ထုပ္ပတ္တိပေါ့။
ယုံကြည်ချက်၊ မျှော်လင့်ချက်
အိပ်မက်တွေဟာ
မှတ်တိုင်
ပန်းတိုင်တွေ ရပိုင်ခွင့်မရှိတော့တဲ့
လောင်းရိပ်မိ အညွန့်ကျိုး ဘဝကိုသာ

mgyoe.com

ကြင်ယာတော်လုပ်
ငါပေါင်းသင်းနေထိုင်ရာ
ဒီ. . . မိဘမဲ့ကလေးလိုကမ္ဘာ
ငါ့ဘဝအတ္တုပ္ပတ္တိပေါ့။
အိပ်မက်. . . သံချေးတက်
ည. . . မှိုတက်
နေ့. . . ပုပ်သိုး
ခေတ်. . . ဆွေးမြေ့
နာရီ. . . အရည်ပျော်
ကာလ. . . ကျိုးပဲ့
အရိပ်မဲ့ခြင်းဟာ
ငါ့အနာဂတ်ပဲလေ
ဘဝမျှော်စင် တည်ဆောက်ဖို့
အရင်းအနှီးများများ ပေးဆပ်ထားတဲ့
ဒီ. . . မိဘမဲ့ ကလေးလို ခရီးတာ
ငါ့ဘဝအတ္တုပ္ပတ္တိပေါ့။
ချစ်သူရေ
ချွေးပွင့်သွေးစက် သီးသီးထ လှုပ်ခါကျတဲ့
ငါ့ကိုယ်ထည်ကြီး
အရည်ဖျော်မယ့် ဇရာဓာတ်ပေါင်းဖိုကြီးထဲ
ငါ့ပိုင်ဆိုင်ခွင့်အားလုံး စွန့်ပစ်ရတာ

mgyoe.com